

www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၆၁၀၂၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၁၄၇၀၂၁၁ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ မတ်လ။<br>ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ . ၈၃

ပြည့်ပိုင်မျိုးအိမ်

ခရီးဖော်/ပြည့်ပိုင်မျိုးအိမ်။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၁

၁၃၄ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။

(၁) ခရီးဖော်


www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

# ခိုးပေါ် ၉

www.burmeseclassic.com

www.burmeseclassic.com



၁

သူခရီးသွားတိုင်း သွေးဘေးမှာ
အတူထိုင်ရသောသူများက
များသောအားဖြင့်
ယောကျ်ားများသာ
ကြုံရတတ်သည်။ အင်မတန်ဝ
သောသူများနှင့်
တစ်ခုံတည်းကျလျှင် တစ်လမ်းလုံး
အဖိအညှပ်ခံတာ. . .

မည်သို့မျှ ထင်မှတ်မထားသော ကိစ္စတစ်ခု၊ ဘယ်အချိန်ခရီး ထသွားသွား၊ သူ့ဘေးမှာ ဘယ်တုန်းကမှ မိန်းကလေးငယ်ငယ် ချောချောနှင့် တစ်ခုံတည်း အတူမထိုင်ခဲ့ဘူး။ ဒီတစ်ခေါက် တောင်ကြီးမှ ရန်ကုန်သွားမည့် ခရီးစဉ်ကတော့ ထူးခြား၏။ စွေ့ခနဲ သူ့ဘေးမှာလာထိုင်သည်က တော်တော်ကိုလှပသော ကောင်မလေး တစ်ယောက်။ အသက်အားဖြင့် သူ့ထက်မငယ်လျှင်တောင်မှ သူ့ထက် တော့ ကြီးမည်မထင်။ ရွယ်တူဖြစ်နိုင်သည်။

ကားဂိတ်တော်တော်များများ၏ ထုံးစံအရ မလိုလားအပ် သော ပြဿနာများမရှိစေရန် မိန်းကလေးအချင်းချင်း သို့မဟုတ် ယောကျ်ားအချင်းချင်းကိုသာ တွဲ၍ ထိုင်ခုံနံပါတ်များကို ရောင်းချ

www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိသည်။

သို့သော်လည်း ရှားရှားပါးပါး တစ်ခါတစ်ရံမှာ ယောကျ်ား နှင့်မိန်းမကို မတတ်သည့်အဆုံးမှာတော့ တစ်ခုံတည်းတွဲလျက် ရောင်း ချတတ်သည်။

သူခရီးသွားတိုင်း သူ့ဘေးမှာ အတူထိုင်ရသောသူများက များသောအားဖြင့် ယောကျ်ားများသာ ကြုံရတတ်သည်။ အင်မတန်ဝ သောသူများနှင့် တစ်ခုံတည်းကျလျှင် တစ်လမ်းလုံး အဖိအညှပ်ခံကာ ကျပ်ကျပ်သပ်သပ် စီးရသည်မှာ မသက်သာလှ။

တစ်ခါတစ်ရံကျပြန်တော့လည်း ဘေးမှာအတူထိုင်ရသူက တစ်လမ်းလုံး ကားမူးကာ အန်နေသည်မို့ ပခုံးထန့်ပ်ပေးရသည်လည်း ရှိသည်။

အရက်ကို ခရီးစခရီးဆုံးထိ တစွပ်စွပ်သောက်သောသူများ နှင့်အတူ ထိုင်ရလျှင်တော့ ဘီယာကြိုက်သောသူ့အဖို့ အရက်နံ့သည် တစ်လမ်းလုံး ဒုက္ခပေးတော့သည်။

အချို့ခရီးသွားများကျပြန်တော့ နားချိန်မရအောင်ကို စကားများတတ်ကြသည်။ သူတစ်ဖက်သား စိတ်ဝင်စားမှန်းမသိ စိတ် မဝင်စားမှန်းမသိ စကားတွေ မနားတမ်းလာပြောနေသည်မို့ အားနာ ပါးနာ ခေါင်းညိတ်ရင်း နားပူကာ လည်ပင်းညောင်းရသောအခါများ လည်းရှိသည်။

ခရီးစဉ်အစအဆုံးကို အော်ကြီးဟစ်ကျယ်ဖုန်းပြောရင်း တစ်ကားလုံးမှာ တစ်ယောက်တည်းသာ ပါသလိုမျိုး ဘယ်သူတို့မှ

www.burmeseclassic.com

## ၈ မြေ့မြင်မှုအချိုင်

ဝရမစိုက်သောသူများနှင့် တစ်ခုံတည်းအတူကျပါက တစ်လမ်းလုံး နားညည်းရသည်လည်း ရှိသည်။

တချို့ကျပြန်တော့ တစ်ကိုယ်ရေ သန့်ရှင်းမှုအားနည်းကာ ချွေးနံ့များ မွန်ထူနေတတ်သလို တချို့ကျပြန်တော့လည်း ခေါင်းမူး နောက်လာသည်အထိ အနံ့ပြင်းသော ရေမွှေးများကို မဟားတရား ဆွတ်လာတတ်ကြသည်။ ထိုကဲ့သို့သော သူများနှင့် ဆုံရပါက တစ်လမ်းလုံး ဝင်လေထွက်လေ မှတ်ကာ ဝင်သက်ထွက်သက် ရှု၍ ရလောက်သည်အထိ ကြုံရတတ်သည်။

တချို့ကျတော့လည်း ဖွတ်အတင်းမိတ်ဖွဲ့ကာ ပိုင်သမျှဆိုင် သမျှကို ပေါ်တင်ကြီး ကြွားလုံးထုတ်ကာ လေယာဉ်လက်မှတ်မရ၍ အိမ်ကကားမအား၍ မတတ်သည်သည့်အဆုံး လိုင်းကားနှင့်လိုက်ရ သည်ဆိုသော သူများနှင့်လည်း ကြုံရသည်။

ကား Air con ကောင်းလွန်းပြန်လျှင်လည်း အေးလွန်းသည် ဟု အပြစ်ရှာကာ Air con မကောင်းပြန်လျှင်လည်း ထထအော်ကာ တစ်လမ်းလုံး ကားသမား၊ ကားစပယ်ရာများကို ပြဿနာရှာကာ ရစ်တတ်သူများနှင့် ကြုံရလျှင်တော့ တစ်ဖွဲ့ထဲထင်မှတ်ကာ ဘုကြည့် ဝိုင်းကြည့်ခံရသည်လည်းရှိသည်။

ကားပေါ်မှာ ဇာတ်လမ်းခွေထိုးလျှင် သီချင်းခွေထိုးခိုင်းကာ သီချင်းခွေထိုးလျှင် ဇာတ်လမ်းခွေ၊ အငြိမ့်ခွေ စသည်ဖြင့် ရှာကြံပြီး ကိုယ့်ဘိုးဘွားပိုင်ကားလို အမိန့်ပေးတတ်သူများနှင့်လည်း ကြုံဖူး သည်။



www.burmeseclassic.com

www.burmeseclassic.com

## ခန်းဆော် ၆

သူခရီးသွားခဲ့သမျှ ယောက်ျားတွေနဲ့ချည်း တစ်ခုံထဲထိုင်ရသည်ကတော့မဟုတ်။ အမျိုးသမီးများနှင့်လည်း တစ်ခါတစ်ရံ ထိုင်ရဖူးသည်။ တစ်ခါက ကလေးနှစ်ယောက်အမေနှင့် တစ်ခုံတည်းကျဖူးသည်။ ကလေးနှစ်ယောက်အနက် တစ်ယောက်က နှစ်နှစ်သားအရွယ် ကျန်တစ်ယောက်က နို့စို့လသားအရွယ်။ ထိုအခါ သူ့မှာ နေရင်းထိုင်ရင်းဖြင့် အကြီးကောင် (နှစ်နှစ်သားအရွယ်)ကို ချီပေးရတော့သည်။ 'အားနာလိုက်တာမောင်လေးရယ်'ဟူသော စကားကို တွင်တွင်သုံးတာ ကလေးနို့ဗူးကို ထုတ်ခိုင်းလိုက်၊ ကလေးအနှီး ယူခိုင်းလိုက်၊ ကလေးချီခိုင်းလိုက် လုပ်ကာ တစ်လမ်းလုံး ကလေးထိန်းလုံးလုံးဖြစ်တာ တောက်တိုမယ်ရ လုပ်ပေးရသည်။ ကားပေါ်ရှိ လှတပတ တောင်မလေးများကလည်း လူကို ကလေးဖအေထင်ကာ ဘာသိဘာသာနေကြသည်မို့ သူ့မှာ ဘူပိတ်ရသည်မို့ စိတ်ညစ်ခဲ့ရသေးသည်။

လိမ်းဆေးတွေ မွှန်ထူနေအောင်လိမ်းရင်း တစ်လမ်းလုံး ချောင်းဆိုး၍ လိုက်ပါလာသူနှင့် ကြုံလို့ကတော့ 'မအိပ်မနေ အသက်ရှည်'ဟူသော မောင်ပေါက်ကျိုင်း၏ထုံး နှလုံးမူကာ မိုးလင်းရသည်လည်းရှိသည်။

တောင်ကြီးရန်ကုန်က သေချာပေါက် တစ်ညအိပ်ရသော ခရီးဖြစ်သည်။ ဘေးမှာ ခုံချင်းကပ်လျက် ပါလာသူက အထက်ပါပြဿနာများအနက်မှ တစ်ခုမဟုတ်တစ်ခုနှင့် အကြုံးဝင်နေပါက မိုးမြန်မြန်လင်းကာ ရန်ကုန်မြန်မြန်ရောက်ဖို့ ဆုတောင်းရင်း မိုးစင်စင်လင်းသည်အထိ တစ်မှေးမှ မမှေးရသည်လည်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀) မြူးဖိုင်အိုင်

ယခုခရီးကတော့ ဘာပြောပြော မကြုံစဖူး အထူးကောင်းသောခရီးဖြစ်မည်ထင်သည်။ ကောင်မလေးထံမှ ရရှိသော ရေမွှေးနံ့က စူးရှသောရနံ့မျိုးမဟုတ်။ သင်းပျံ့သောရနံ့။ ဤသည်ကပင် ပထမဆုံး ကျေနပ်စရာကောင်းသော ခရီးစဉ်၏အစ ဖြစ်ကာနေသည်။

ကားက မထွက်သေး။ သို့သော် ထုံးစံအတိုင်း စက်နိုးကာ Air con ပေးထားသည်။ မသိမသာအကဲခတ်ကြည့်တော့ ကောင်မလေးက ပရိတ်ကြီး ဆယ့်တစ်သုတ်စာအုပ်ကိုကိုင်ကာ ရွတ်ပွားနေသည်။

ဘာသာရေးကိုင်းရှိုင်းသူပါလားဟု တွေးရင်း ဘာရယ်မဟုတ် လေးစားကာသွားရသည်။ သူမကဲ့သို့သောအရွယ် မတိမ်းမယိမ်းရှိမည့် သူ့သူငယ်ချင်းကောင်မလေး အတော်များများက ခရီးသွား၍ ကားမထွက်မီစပ်ကြား ဖုန်းတွေ ဟိုဆက်ဒီဆက်လုပ်လျှင်လုပ် မလုပ်ရင်တောင်မှ MP3 (သို့) i Pod တို့ဖြင့် သီချင်းနားထောင်နေကြသည်က များသည်ကိုး။

သူမကိုကြည့်ရင်း သူသည်လည်း အင်္ကျီထူ အိတ်ကပ်ထဲမှ ပုတီးကိုထုတ်ကာ အာရုံယူပြီး ပုတီးစိပ်ဖြစ်သည်။ အိမ်မှာပဲနေနေ ခရီးပဲသွားသွား သူက ပုတီးသမားဖြစ်သူကိုး။

×××××

www.burmeseclassic.com

www.burmeseclassic.com

## ခန်းဆော် ၁၁

ပုတီးစိပ်၍ ပြီးဆုံးပြီမို့ သူ မျက်လုံးကို ပြန်၍ဖွင့်ဖြစ်သည်။ တားက တောင်ကြီးမှစထွက်လာကာ ရွှေညောင်သို့ပင် ရောက်နေပြီ ဖြစ်သည်။

အင်းလေးကန်သို့ သွားသော ညောင်ရွှေလမ်းခွဲမှာ လမ်းစီး ခရီးသည်နှစ်ယောက်ခန့် တက်လာကြသည်။ လမ်းစီးခရီးသည်တို့၏ ထုံးစံအတိုင်း ပါလာသော လက်ဆွဲအိတ်တို့ထားရန် နေရာက အခက် အခဲဖြစ်နေဟန်ဖြင့် ဟိုကြည့်ဒီကြည့် ဖြစ်ကာနေသည်။ စပယ်ယာ က ယင်းအိတ်တို့ကိုဆွဲကာ ကား၏နောက်ဆုံးခုံဘက်မှာ ထားကာပေး သည်။ ယင်းခရီးသည်နှစ်ဦးက ၄င်းတို့ထိုင်သောခုံနှင့် အဝေးကြီးမှာ ရောက်နေသော သူတို့၏ ခရီးဆောင်အိတ်ကို သံယောဇဉ်မပြတ်

www.burmeseclassic.com

www.burmeseclassic.com



သော အကြည့်ဖြင့် လှမ်းကြည့်နေသည်ကို သူမြင်နေရသည်။

သူ၏ဘေးမှ ကောင်မလေးက သူမ၏ ဘေးလွယ်အိတ်ကို ဖွင့်ကာ ဘာရှာနေသည်မသိ အလုပ်ရှုပ်ကာနေသည်။ စပ်စုသလို ထင်သွားမည်စိုး၍ သူ မျက်လုံးစုံမှိတ်ကာ ထိုင်ခုံကိုမှီထားဖြစ်သည်။

"အစ်ကို"

ဘေးကကောင်မလေးဆီက ထွက်လာသောအသံ။ မျက်လုံးဖွင့်ကာ လှည့်ကြည့်ဖြစ်တော့ သူမက သူ့ကိုကြည့်ကာ ခေါ်နေခြင်းဖြစ်သည်။

"ဟို. . . စိပ်ပုတီး ခဏငှားလို့ရမလားဟင်"

သူ့လက်ထဲမှာ ကိုင်ထားဆဲဖြစ်သော ပုတီးကို တစ်ချက်လှမ်းကြည့်ရင်းက သူမဆိုသည်။

"ရပါတယ်"

ခပ်သွက်သွက်ပင် ခေါင်းညိတ်ပြရင်း ပုတီးကို လှမ်းပေးဖြစ်သည်။ ပုတီးကိုလှမ်းယူသော သူမလက်၏ နူးညံ့မှုကြောင့် ရင်ထဲမှာ ဘာလိုလိုကြီး ကတုန်ကယင်ဖြစ်သွားသော်လည်း သူ့စိတ်ကို ကားပေါ်မှာဖွင့်ထားသော သီချင်းဆီ ချက်ချင်းပို့ဖြစ်သည်။

တော်တော်ကြီးလန်းသော ကောင်မလေးနှင့် တစ်ခုံတည်း အတူကျကာ ထိုင်ရသည့်အတွက် တစ်ဖက်မှာ ကြည်နူးမိသော်လည်း တစ်ဖက်မှာတော့ စိတ်ကျဉ်းကျပ်သလို ခံစားရသည်။

ညောင်းညာ၍ နည်းနည်းလေး လှုပ်ရှားမိလျှင်ပင် တစ်ဖက်မှ ကောင်မလေးကို အားနာနေရသည်ကိုး။ ထူးထူးခြားခြားကြီး



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၄

လိမ်းခြယ်ထားခြင်းမရှိသော်လည်း တော်တော်ကြီးလှနေသော ကောင်မလေးနှင့်အတူ သွားရသော ဤတောင်ကြီး ရန်ကုန်ခရီးစဉ် အကြောင်းကို သော်ဇင်တို့နှစ်ကောင်အား လှမ်းကြွားရန် တွေးမိသည်။

သို့နှင့် ဖုန်းကိုအသာထုတ်ပြီး သကောင့်သားဆီ Message လှမ်းပို့ဖြစ်သည်။

"ဟကောင် သော်ဇင်၊ ဒီတစ်ခေါက် ရန်ကုန်ဆင်းရတဲ့ခရီး စဉ်ကတော့ ငါ့အတွက် လုံးဝဂန္ထဝင်ခရီးစဉ်ပဲကွ သိလား၊ ငါ လုံးဝ လန်းတဲ့ ကောင်မလေးတစ်ယောက်နဲ့ အတူတူထိုင်ပြီး ရန်ကုန်ကို ခရီးဆက်နေတယ်"

သူ Message လှမ်းပို့ပြီး မကြာခင်မှာပင် ဝေဖြိုးအောင်ဆီ မှ Message ပြန်ဝင်လာသည်။

"တဏှာရူး၊ နှာဗူး၊ စိတ်ကူးတွေယဉ်ပြီး ရူးမနေနဲ့၊ မင်းလို ကောင်ဘေးမှာ အစဉ်လာမပျက် ကလေးမအေပဲကျမှာပါ၊ လာဖြီး မနေနဲ့"

သူ Message ပို့လိုက်သည်က သော်ဇင်၏ဖုန်း၊ သူ့ဆီ Message ပြန်ပို့လာသည်က ဝေဖြိုးအောင်၏ဖုန်း ဖြစ်ကာနေသည် မို့ သကောင့်သားနှစ်ကောင် အတူရှိနေကြသည်ဟု သူသိလိုက်ရ သည်။

"ငါတကယ်ပြောတာ၊ မယုံရင် မနက်ဖြန်ကားဂိတ်မှာ မင်းတို့ လာကြိုရင် ကြည့်ထားလိုက်၊ မင်းတို့နှစ်ကောင် လုံးဝဖျားသွားစေရ

www.burmeseclassic.com

www.burmeseclassic.com



မယ်"

သူ Message ပြန်ပို့ဖြစ်သည်။ သိပ်မကြာလိုက် ဝေဖြိုးအောင်၏ဖုန်းဖြင့် သူ့ဆီ Message ပြန်ဝင်လာသည်။

"မယုံတာ"

သကောင့်သားနှစ်ကောင်၏ Message ကိုဖတ်ရင်း သူ နည်းနည်းတော့ တင်းသွားရသည်။ ထို့ကြောင့်. . .

"တစ်ဝိုင်းကြေးလောင်းမလား"

ဟု စိန်ခေါ်သော Message ပြန်ပို့ဖြစ်သည်။

သိပ်ကြာကြာမစောင့်လိုက်ရ သော်ဇင့်ဖုန်းနံပါတ်ဖြင့် Message ပြန်ဝင်လာသည်။

'စိန်လိုက်လေ'ဟူ၍။

xxxxx

ဦး : မို : ၈၁ ၄ ၀

www.burmeseclassic.com

www.burmeseclassic.com



❛အဖိုးကြီးလုပ်မှာပါဆိုနေမှ
ရည်းစားထားစရာလား၊
ဘာကောင်လေးမှမရှိဘူး၊
အေးဆေးပဲ၊ ဘာအပူမှ
မရှာဘူး။ တစ်ယောက်တည်း
တောင် တစ်ခြမ်းများနေလို့❜

သော်ဇင်တို့နှင့် စကားနိုင်လုကာ Message တွေ တဂွမ်ဂွမ် ပို့ရင်း ဘေးမှအလန်းလေးကို တစ်ချက်လှည့်ကြည့်ဖြစ်သည်။

သူမက မျက်လုံးစုံမှိတ်ကာနေသည်။ လက်ထဲသို့ မသိမသာ ကြည့်လိုက်တော့ ပုတီးကို ဆုပ်ကိုင်ကာထားသည်။ ‘ပုတီးတောင်စိပ် ပြီးသွားပြီပဲ’ဟု သူတွေးမိသည်။

သူမက မျက်လွှာချကာထားသည်မို့ သူ ခိုးကြည့်စရာမလိုဘဲ ပေါ်တင်ပင် မရဲတရဲကြည့်ဖြစ်သည်။

ကြည့်လေ ချစ်စရာကောင်းလေမို့ သူရင်ခုန်သံတွေပင် ဝုန်းဒိုင်းကျဲကာလာသည်။ သူဖုန်းကိုကိုင်ကာ Message ပို့ဖြစ်ခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၆ ဇရက်နေ့

“ငါတော့ ဒီတိုက်ပွဲမှာကျပြီထင်တယ်ကွာ၊ ကောင်မလေးက ငါတွေ့ဖူးသမျှတွေထဲမှာ အလန်းဆုံးပဲ၊ ငါတော့ တကယ့်တကယ်ကြီး ကို ကြွေချင်နေပြီ”

သူ့ Message ကို သိပ်မကြာခင်မှာ သော်ဇင်တို့က တုံ့ပြန် လာသည်။

“ကြွေပေါ့၊ မင်းက ချဉ်ချဉ်တူးတူး မှုးရင်ပြီးရော၊ မိန်းက လေးမြင်ရင် ဗူးချင်နေတဲ့ကောင်ပဲ ငနွားဗူးရ”

သော်ဇင်နှင့် ဝေဖြိုးအောင်တို့နှစ်ကောင်ကို စိတ်မှလှမ်း၍ မေတ္တာပို့ရင်း Message ကို ခပ်သွက်သွက်ပြန်ပို့ဖြစ်သည်။ ‘ခွေးကောင်တွေ’ဟု။

သကောင့်သားများနှင့် Message ပို့ရသည်မှာ သိပ်လမ်း မတန်းတော့သည်မို့ ဖုန်းကို အိတ်ကပ်ထဲ ပြန်ထည့်ဖြစ်သည်။

“ရော့. . . အစ်ကို”

ရုတ်တရက်ကြီး ပုတီးကို မျက်နှာရှေ့ထိုးကာပေးသည်မို့ သူ အမှတ်တမဲ့ပင် လန့်ကာသွားသည်။ တွန့်ခနဲဖြစ်သွားသော ကိုယ့်ကိုယ် ကို ဂရုမြေပြန်ဆယ်ရင်း ကျေးဇူးပဲနော်ဟုဆိုလာသော သူမကို ပြန်ပြုံး ပြဖြစ်ရင်း ‘အာ. . . ရပါတယ်’ဟု ဆိုဖြစ်သည်။

ရုတ်တရက်လန့်သွားသော သူ့ကိုကြည့်ရင်း သူမက ပြုံးသည်။ ပြုံးလိုက်သောခဏမှာ ပေါ်လာသော ပါးချိုင့်တို့ကိုကြည့် ရင်း ‘ပါးချိုင့်လေးနဲ့ပါလား’ဟု စိတ်ထဲမှနေ မချင့်မရဲရေရွတ်ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ပုတီးစိပ်ပြီးတာ တော်တော်လေးကြာပြီ၊ ပုတီးပြန်ပေးမလို့ ဥစ္စာ၊ အစ်ကို Message ပို့နေတာနဲ့"

သူမ၏စကားကြောင့် သူ့ရင်မှာ ထိတ်ခနဲဖြစ်ကာသွားသည်။ တော်ကြာ ကောင်မလေးတွေဆီ ဒါမှမဟုတ် ရည်းစားတစ်ယောက် ယောက်ဆီ Message ပို့နေသည်ဟု ထင်သွားမှဖြင့်။

"ဪ. . . ဟုတ်တယ်၊ ဘော်ဒါဆီကို မနက်ဖြန် ကားဂိတ် မှာလာကြိုဖို့ လှမ်းပို့နေတာ၊ ဖုန်းနဲ့ပြောနေရင် ညီမပုတီးစိပ်နေတာ အနှောင့်အယှက်ဖြစ်မှာစိုးလို့"

"ဪ. . . ရပါတယ်"

သူမက ပြုံးစိစိဖြင့် 'ဪ'ဟု ရေရွတ်သည်။ သူမ၏အပြုံး က ကောင်မလေးတစ်ယောက်ယောက်ဆီ ပို့နေခြင်းမဟုတ်ကြောင်း ဘယ်သူမှ ရိုက်မစစ်ဘဲ ဖြောင့်ချက်ပေးနေမိသော သူ့ကို နည်းနည်း တော့ ကျောမလုံသလိုကြီး ဖြစ်သွားစေသည်ကတော့ အမှန်ပဲဖြစ် သည်။

"အဲဒါ ဘော်ဒါကရစ်နေလို့၊ လာမကြိုရင် အသိပဲဆိုပြီး လှမ်းကျိန်းနေတာ"

သူ့စကားအဆုံးမှာ သူမက ခေါင်းကိုညိတ်သည်။ ပြီး. . .

"တောင်ကြီးကပဲလား"

ဟု မေးသည်။

"ဟုတ်တယ်၊ ညီမရော တောင်ကြီးကလား"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



မြန်၍မေးသော သူ့အမေးကို သူမက 'အင်း'ဟု ဖြေသည်။ ဘာပဲပြောပြော ကမ္ဘာကြီးက ကျဉ်းသည်ဆိုသောစကားကို သူ တော်တော်ကြီး သံသယဝင်သွားမိသည်။

ကမ္ဘာကြီးသာ ကျဉ်းရှုံးမှန်လျှင် တစ်မြို့ထဲနေသော သူမလို အလှအပလေးကို သူတွေ့ကိုတွေ့ဖူးရမည်။

"ရန်ကုန်ကိုအလည်ပဲလား"

'စပ်စုသလိုများ ဖြစ်သွားမလား'ဟူသောအတွေးကို တွေးရင်းက ခရီးသွားဖော်ချင်း အလ္လာပသလ္လာပပေါ့ဟု ဖြေတွေးတွေး ကာ မေးဖြစ်သည်။

"သူငယ်ချင်းတစ်ယောက်ရဲ့ အစ်မမင်္ဂလာဆောင်မှာ သတို့ သမီးအရံသွားလုပ်မလို့၊ မင်္ဂလာဆောင်ပြီးရင် သတို့သမီးနဲ့သတို့သား က ငပလီကို ဟန်းနီးမွန်းထွက်ကြမှာ၊ အဲဒါ လိုက်ရှုပ်မလို့ အဟီး"

ပြောပြီး သူမက ပါးချိုင့်များ ခွက်ခနဲ ပေါ်လာအောင် ရယ်သည်။

"သူများဟန်းနီးမွန်းကို လိုက်ရှုပ်တော့ ကိုယ့်ဟန်းနီးမွန်းကျ ဝင်ရှုပ်မှာမကြောက်ဘူးလား"

သူ့မေးခွန်းကို ဘယ်အထိသွားမှန်း သူမက သိပုံရသည်။ ချက်ချင်းဆိုသလို ဟက်ခနဲ ရှက်ရယ်ရယ်ရင်း. . .

"ညီမက အပျိုကြီးလုပ်မှာလေ၊ ဒီတော့ ဝင်ရှုပ်စရာ ဟန်းနီးမွန်းလည်း ရှိလာမှာမဟုတ်ပါဘူး"

ဟု ပြောင်ချော်ချော်ပင် ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

## ခန်းဆက် ၃၉

"အစ်ကို ကြုံဖူးသလောက်တော့ အပျိုကြီး တကယ်လုပ်မဲ့သူက အပျိုကြီးလုပ်မယ်လို့မပြောဘူး၊ တကယ်တမ်း အပျိုကြီးလုပ်မယ်လို့ ကြွေးကြော်နေတဲ့သူတွေက ဆိုင်းမဆင့်ဗုံမဆင့် အိမ်ထောင်ကျကျသွားတတ်တယ်"

ရှုတ်နောက်နောက်ဆိုသော သူ့စကားကြောင့် သူမက ရှက်ရယ်ရယ်ရင်း 'ညီမက အတည်ပြောတာ'ဟု ဆိုသည်။

"ပြောကြတယ်၊ အဲဒီလိုပဲ၊ အတည်ပြောတာ တကယ်ပြောတာနဲ့ပဲ"

စကားကို ဆုံးအောင်မပြောဘဲ တမင်ရပ်ပစ်ကာ ပခုံးကို တွန့်ပြဖြစ်သည်။ သူမကလည်း ခေသူမဟုတ်။

"ညီမကတော့ လုံးဝအမှန်အကန်အတည်"

အလျှော့မပေးဘဲ ရယ်ကျဲကျဲနှင့်ပင် 'အတည်'ဟုဆိုသည်။

"ညီမရဲ့ကောင်လေးကို သနားပါတယ်၊ သူ့ခမျာ အပျိုကြီးလုပ်မဲ့သူကို ရည်းစားထားမိလို့ ထားမိမှန်းလည်း သိမှာမဟုတ်ဘူး"

စကားနိုက်သောစကား။ ရည်းစားရှိလားဟု မမေးရဲ့တမယ် စကားကိုအစ်သော စကားကို သူဆိုဖြစ်သည်။

"အပျိုကြီးလုပ်မှာပါဆိုနေမှ ရည်းစားထားစရာလား၊ ဘာကောင်လေးမှမရှိဘူး၊ အေးဆေးပဲ၊ ဘာအပူမှမရှာဘူး၊ တစ်ယောက်တည်းတောင် တစ်ခြမ်းများနေလို့"

သူမ၏စကားက သူကြားဖူးသမျှစကားတို့တွင် အချိုမြိန်ဆုံးဖြစ်မည်ထင်သည်။ ဘာရယ်မဟုတ် ရင်ထဲမှာ မဆီမဆိုင် ကြည်နူး

www.burmeseclassic.com



သွားမိသည်ကတော့ အမှန်ပဲဖြစ်သည်။

"ညီမကလေ ကိုယ်တိုင်ကသာ အပျိုကြီးလုပ်မယ်လို့ ကြွေးကြော်နေတာ၊ သူများတွေကိုကျ အောင်သွယ်လုပ်ပေးရတာ ဝါသနာပါတယ်၊ အခုသွားမဲ့ မင်္ဂလာဆောင်က သတို့သမီးနဲ့ သတို့သားကိုလည်း ညီမပဲ အောင်သွယ်ပေးထားတာ အဟီး၊ အစ်ကိုလည်း အောင်သွယ်အလုပ်အပ်ချင်ရင် ပြောနော်၊ ဘယ်လောက်မာနကြီးတဲ့ ကောင်မလေးပဲဖြစ်ဖြစ် ရအောင်ကို ဂွိုင်းပေးမယ်"

"တော်ပါပြီ၊ အစ်ကိုလည်း ညီမလိုပဲ အပူမရှာဘဲ လူပျိုကြီး လုပ်မှာ၊ တစ်ယောက်တည်းတောင် တစ်ခြမ်းများနေလို့"

သူမပြောခဲ့သောစကားကို လိုက်ပြောသော သူ့စကား ကြောင့် သူမက ရှက်ဝဲဝဲဖြင့် ပြုံးသည်။

"လူပျိုကြီးမလုပ်လို့လည်း မရဘူး၊ ကြိုက်မဲ့သူကလည်းမရှိဆို တော့"

"အဲဒါကြောင့် ပြောတာပေါ့၊ ညီမအောင်သွယ်လုပ်ပေးမယ် လို့၊ ညီမက ကိုယ်ကိုယ်တိုင်ကသာ အဖြစ်မရှိတာ၊ သူများကို အောင်သွယ်ပေးရင် မဖြစ်တာမရှိဘူး"

"အင်းလေ. . . လူပျိုကြီးဘဝက ကျွတ်ချင်ရင် ညီမကူညီမှ ပဲ၊ အိုရတော့မှာပဲ"

ကိုယ့်အမိပ္ပာယ်နှင့်ကိုယ် ဆိုဖြစ်သော သူ့စကားကို သူမက 'ရပါတယ်'ဟု ခပ်ကြွားကြွားဆိုသည်။ သူဆိုချင်သော အဓိပ္ပာယ်က လူပျိုကြီးဘဝက ကျွတ်ချင်ရင် အိုချင်ရင် သူမက ကူညီပြီး သူမကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် သတို့သမီး လုပ်ပေးရမည့်သဘော။ သူမကတော့ ရိုးရိုးသဘော နှင့် 'ရပါတယ်'ဟု ဆိုသည်။

"အောင်သွယ်ခကတော့ ဟန်းနီးမွန်းသွားရင် ခေါ်ရမှာ နော်"

"စိတ်ချ"

သူမကို နှုတ်ကသာ စိတ်ချဟုဆိုဖြစ်သော်လည်း စိတ်ထဲမှာ တော့ 'အောင်သွယ်နဲ့ညားတဲ့ ဟန်းနီးမွန်းပေါ့'ဟု ဆိုဖြစ်သည်။

"အစ်ကိုရော ရန်ကုန်ကို အလည်ပဲလား"

'အလည်တော့မဟုတ်ဘူး၊ ကိုယ့်ဘေးက ကောင်မလေးနဲ့ ဟန်းနီးမွန်းအကြိုသွားတာ'ဟု စိတ်မှဆိုဖြစ်သည်။ တကယ်ဆိုဖြစ် သည်။

"အင်း. . . အလည်တော့မဟုတ်ဘူး၊ စိတ်ညစ်လို့ အိမ်ကနေ အလုပ်အကြောင်းပြပြီး ထွက်လာတာ၊ အဲဒီစိတ်ညစ်ရတဲ့ကိစ္စကိုသာ ညီမကြားရင် အော်ရယ်မှာသေချာတယ်"

"အင်း. . . ဆိုပါဦး"

ရယ်ကျဲကျဲပြုး၍ဆိုသော သူ့စကားအဆုံးမှာ သူမက ဆိုသည်။

"အိမ်က မိန်းမအတင်းပေးစားနေလို့"

"ခွီး"

သူ့စကားအဆုံးမှာ သူမက ခွီးခနဲရယ်သည်။

"အတည်ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com

## (၂၂) မြရင်နော်ခိုင်

ရှက်အမ်းအမ်းဖြင့် သူဆိုဖြစ်သည်။ သူမက အရှိန်မသတ်နိုင်ဘဲ တခွိးခွိးဖြင့်ရယ်၍ အတောမသတ်နိုင်ဖြစ်ကာနေသည်။

အတန်ကြာအောင် ရယ်နေပြီးမှ

"ယောကျ်ားပေးစားလို့ အိမ်ကပြေးတဲ့ မိန်းကလေးတွေပဲ ကြားဖူးပါတယ်၊ မိန်းမပေးစားလို့ အိမ်ကပြေးတဲ့ ယောကျ်ားလေးလို့ မကြားဖူးသေးပါဘူး"

ဟု ဆိုရင်း ရယ်ပြန်သည်။ သူပါ ရှက်အမ်းအမ်းဖြင့် ရောရယ်ဖြစ်သည်။

"ဒါနဲ့ ပေးစားတဲ့ကောင်မလေးက အသက်ကြီးနေလို့လား"

"မကြီးပါဘူး၊ အစ်ကို့ထက်တောင် နှစ်နှစ်ငယ်သေးတယ်"

"ဒါဖြင့် မချောလို့လား၊ အသားမဲမဲကြီးဖြစ်နေလို့လား"

"ပြမယ်. . . အစ်ကို့သူငယ်ချင်းတွေကိုပြဖို့ သူ့ဓာတ်ပုံကို ယူလာတယ်၊ အသားကတော့ ဘာဖြူသလဲမမေးနဲ့၊ အဲ. . . ရုပ်ကတော့လည်းချောပါတယ်၊ ဒါပေမယ့်"

"ဒါပေမယ့်"

သူ့အိတ်ထဲမှ ဓာတ်ပုံကိုထုတ်ကာ သူမလက်ထဲထည့်ပေးရင်း "ကိုယ့်ဘာသာကိုယ်ပဲကြည့်တော့"ဟု ဆိုဖြစ်သည်။

သူမက သူပေးသောဓာတ်ပုံကိုကြည့်ရင်း ဖွီးခနဲအောင့်ထား၍ မရတော့ဟန်ဖြင့် ရယ်သည်။

ပြီး တခွိးခွိးဖြင့်ရယ်ရင်းက. . .

"တော်တော်ပိန်တယ်နော်၊ ပွင့်နဲ့ နင်လားငါလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုသည်။ ခေတ်ပုံထဲမှ အိမ်ကပေးစားသောသူ၏ပုံက ဖွင့်ထက်ပင် ဝကာနေသည်။ ပြီး ပွင့်လိုချစ်စရာမကောင်း။

"ဒီ ပစ်မလွဲကြီးကို သဘောမကျလို့ဆိုပြီး အိမ်ကအဒေါ်က စိတ်ဆိုးတယ်"

သူ့စကားကို သူမက 'ဘာဖြစ်လို့တဲ့တုန်း'ဟု ရယ်ကျဲကျဲဖြင့် မေးသည်။

"သူက ဇိကုပ်ပြီး နတ်ပြည်တင်တာကို အစ်ကိုက မြင့်တယ် ထင်ပြီး ခုန်ချတာတဲ့လေ၊ ဒီပစ်မလွဲကြီးနဲ့ကော့ အစ်ကို နတ်ပြည် လည်း မတက်ချင်တော့ပါဘူး၊ ညီမပဲ အစ်ကို့နေရာက စဉ်းစားကြည့် လေ၊ ဒီလိုဗလကြီးနဲ့ အားကောင်းမောင်းသန်ကြီးကို ယူပြီး အစ်ကို က ဟိုစကားပုံထဲကလို လုပ်နိုင်တော့မှာမဟုတ်ဘူး"

သူ့စကားကို သူမက 'ဘယ်စကားပုံလဲ'ဟု ပြုံးစိစိဖြင့် မေးသည်။ ပြီး ရယ်ရန်အသင့်အနေအထားဖြင့် စောင့်ကာနေသည်။

"ကြီးရင်မှီ၊ ငယ်ရင်ချီဆိုတဲ့ စကားပုံလိုလေ၊ အသက်ငယ် ပေမယ့် သူ့လိုဗလကြီးကို အသက်ကြီးတဲ့အစ်ကိုက ဘယ်လိုချီနိုင်မှာ တုန်း ဟုတ်ဘူးလား၊ ကျားကိုးစီးစားမကုန်တဲ့ အဲဒီခန္ဓာကိုယ်ကြီးကို ချီရရင် အသက်ဘယ်ကနေထွက်သွားမှန်းတောင် ကိုယ့်ကိုယ်ကိုမသိ ဘဲ ဘဝကူးသွားနိုင်တယ်"

သူ့စကားအဆုံးမှာ သူမက တခွီးခွီးဖြင့်ရယ်သည်။

"ဒါနဲ့ အစ်ကိုက သူ့ခေတ်ပုံကိုပဲ မြင်ဖူးတာလား၊ အပြင်မှာ မဆုံဖူးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



“ဘယ်မဆုံဘဲနေပါ့မလဲ၊ အစ်ကိုအဒေါ်က မဆုံဆုံအောင်ကို အတွတ်ချပေးတာ၊ ပြောပြရရင်တော့ အဖြစ်က ဒီလို. . .”

×××××

[redacted]

www.burmeseclassic.com

www.burmeseclassic.com

# သိုးဆော် ၂၃

၁

မင်းကလည်းကွာ ငါ့တူကို
အဲဒီဝတုတ်တုတ်ကြီးနဲ့ ဖွတ်
မလျှော်စမ်းပါနဲ့၊ မင်းသာ
ယောကျ်ားဆိုရင်လည်း
အဲဒီပစ်မလွဲကြီးတို့ ကြိုက်မှာ
မဟုတ်ဘူး။

"သားရေ. . . ဒီနေ့ မီးမီးလေးလာမယ်နော်၊ အန်တီ ထမင်းစားဖိတ်ထားတယ်သိလား"

"ဗျာ"

"မဗျာနဲ့၊ ၁၅ မိနစ်ဆိုရောက်လာတော့မှာ၊ အဆင်ပြေအောင်ကြည့်နေနော်၊ ဒါပဲ"

"ဆိုင်းမဆင့် ဗုံမဆင့်ကြီးဗျာ"

မချင့်မရဲဖြင့်ဆိုသော သူ့စကားအဆုံးမှာ သူ့အဒေါ်က သူ့ကို ဒိုင်းခနဲ မျက်စောင်းထိုးသည်။

"ဟဲ့. . . ဆိုင်းတွေဗုံတွေ ဆင့်နေရင် မင်းကရှောင်နေတော့မှာလေ၊ ဒီတော့ ငါလည်း လည်သလိုလုပ်ရတော့တာပဲ၊ အဲ ကဲ မျက်နှာကြီး ရှုံ့မဲ့မနေနဲ့၊ အဝတ်အစားလေးဘာလေး သွားလဲထား"

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ဖြစ်သူက ပြောပြောဆိုဆိုပင် ညှော်ခန်းထဲမှ ဆက်တီခုံများကို ကြက်တောင်မွေးတစ်ချောင်းဖြင့် ဖုန်သုတ်ကာနေသည်။

"မင်းကလည်းကွာ ငါ့တူကို အဲဒီဝတုတ်တုတ်ကြီးနဲ့ ဖွတ်မလျော်စမ်းပါနဲ့၊ မင်းသာ ယောကျ်ားဆိုရင်လည်း အဲဒီပစ်မလွဲကြီးကို ကြိုက်မှာမဟုတ်ဘူး၊ ပြီးတော့ အချစ်မရှိတဲ့ အိမ်ထောင်ရေးဆိုတာ"

"တော်ပြီ ကိုကျော်ရင်၊ ဒီမှာ ဒီခေတ်ကြီးမှာ အလှအပဆိုတာ ပိုက်ဆံရှိရင် ပြင်လို့ဆင်လို့ရတယ် နားလည်လား၊ အဓိကက မျိုးရိုးသန့်ဖို့နဲ့ ငွေရှိဖို့ပဲလိုတယ်"

ဦးလေးဖြစ်သူ၏ စကားပင်မဆုံးသေး ဦးလေး၏မိန်းမဖြစ်သူက 'တော်ပြီ ကိုကျော်ရင်'ဟုဆိုကာ သူမလက်ခံကျင့်သုံးနေသော ဒဿနကို ရေရွတ်ပြသည်။

"အဲဒီ မစိန်ချစ် တော်တန်ရုံရုပ်မလှတာကို ပြုပြင်လို့ရချင်ရမယ်၊ အဲဒီပစ်မလွဲကြီးကို ပိန်သွားအောင်တော့ ငွေဘယ်လောက်ကုန်ကုန် လုပ်နိုင်မယ်မထင်ဘူး"

"မပိန်တော့ကော ဘာဖြစ်လဲ၊ လောကကြီးမှာ လှတာက ချက်စားလို့မရဘူး၊ ဝတာက ဖက်ထားလို့ရတယ်၊ ဒီတောင်ကြီးလို အေးတဲ့ ရာသီဥတုနဲ့ မီးမီးလေးလို ဝဝလှလှလေးနဲ့က ငါ့တူအတွက် အံကိုက်ပဲ"

အဒေါ်ဖြစ်သူ၏ စကားအဆုံးမှာ ဦးလေးက 'တော်စမ်းပါ မစိန်ချစ်ရာ'ဟု ဆိုသည်။ တကယ်တော့ ဦးလေးမိန်းမ၏နာမည်က



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိင်္ဂီချစ်ဖြစ်သည်။ ငွေပိုငွေလျှံရှိတိုင်း စိန်တွေချည်းလိုမှ့ဝယ်တတ်သဖြင့် ဦးလေးက 'စိန်ချစ်'ဟု နာမည်ပြောင်းထားပေးသည်။

ဦးလေးဦးကျော်ရင်က မေမေ့မောင်ဖြစ်သည်။ သူ ၁၀နှစ်သားအရွယ် မေမေရော ဖေဖေပါ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားချိန်မှာ သားထောက်သမီးခံမရှိသော ဦးလေးတို့လင်မယားက သူ့ကို မွေးစားထားခြင်း ဖြစ်သည်။ မေမေတို့ဘက်က ဦးလေးနှင့် မေမေတို့ မောင်နှမ နှစ်ယောက်တည်းသာရှိသော်လည်း ဒေါ်လေးတို့ဘက်က မောင်နှမလေးယောက်ရှိသည်။ သို့သော် ဒေါ်လေးမှအပ ကျန်မောင်နှမသုံးယောက်က လူပျိုကြီးအပျိုကြီးများမို့ သွေးသားရင်းချာ တူတူမအရင်းဟူ၍ ဒေါ်လေးမှာမရှိ။ ထို့ကြောင့် ယောကျ်ားဖြစ်သူ၏ တူအရင်းကိုပဲ သားအရင်းလို မွေးစားလာခဲ့တာဖြစ်သည်။

ဦးလေးအရင်းထက်ပင် သူ့ကိုချစ်သေးသော ဒေါ်လေး၏ ချို့ယွင်းချက်က တစ်အိမ်သားလုံး၏ ကိစ္စအဝဝကို သူကစီမံကာ ဆရာမကြီးလုပ်ရမှ ကျေနပ်သည့်အကျင့်ဖြစ်သည်။

အခုလည်း သူမိန်းမယူမည့်ကိစ္စကို မမေးမစမ်းတော့ဘဲ စီစဉ်ချင်ရာ လျှောက်စီစဉ်ကာနေသည်။ စီစဉ်မဲ့စီစဉ်ပြန်တော့လည်း စီစဉ်သမျှက တလွဲ။

"မင်း တစ်ဖက်ကို စကားမကျွံစေနဲ့နော် မစိန်ချစ်၊ ငါ့တူ မကြိုက်လို့ကတော့ ဘယ်လောက်ချမ်းသာချမ်းသာ မပေးစားနိုင်ဘူး၊ ကျုပ်ပြောတာ ကြားတယ်မဟုတ်လား မစိန်ချစ်"

"ကြားတယ်. . . ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး၏စကားအဆုံးမှာ ဒေါ်လေးက 'ကြားတယ်'ဟု ဆောင့်ကြီးအောင့်ကြီး ရေရွတ်သည်။ ပြီး သူ့ဘက်လှည့်ကာ 'ဘယ်မှ ထွက်မသွားသေးနဲ့ဦးနော်'ဟု လှမ်း၍ဆိုသည်။

သူ ခေါင်းကို ခပ်လေးလေးပင် ညိတ်ပြဖြစ်သည်။ ဒေါ်လေးက 'ဘာပြောပြော တောင်ကြီးမှာ မီးမီးလေးတို့စိန်ဆိုင်က အကြီးဆုံးပဲ၊ မီးမီးလေးက ပြန်မကြိုက်လို့သာ သူ့ကိုလိုက်နေတဲ့ လူတွေက နည်းတာမဟုတ်ဘူး'ဟု မကြားတကြားရေရွတ်သည်။

ဦးလေးကတော့ ဒေါ်လေးစကားကို မကြားယောင်ပြုသည်။ သူကတော့ သက်ပြင်းကိုသာ ချဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



# ၆

ဆင်ဝင်အောက်မှာရပ်နေသော
ဆင်ကြီး၊ အဲလေ မီးမီးလေးက
ဆင်မယဉ်သာ လမ်းလျှောက်ကာ
လာသည်။

"ဟော. . . ဟော ကားသံကြားတယ်၊ မီးမီးလေးလားမသိဘူး၊ ဟဲ့ ဟဲ့ ကြိုပြောထားရဦးမယ် ကိုကျော်ရင်တို့ တူရိုးနှစ်ယောက်လုံး မီးမီးလေးကို ဝတယ်လို့ သွားမပြောနဲ့နော်၊ သူက သူ့ကို ဝတယ်ပြောရင် မကြိုက်ဘူး၊ အဲဒါ သတိထားဦး"

ပျာယာခတ်နေသော ဒေါ်လေးကိုကြည့်ရင်း ဦးလေးက 'အဖြစ်သည်းရန်ကော'ဟူသော အကြည့်ဖြင့် ကြည့်သည်။

သူကတော့ အိမ်ရှေ့ဆင်ဝင်အောက်မှာ ဝင်လာရပ်သော လင့်ခရူဆာပေါ်မှ ဆင်းလာသော ပစ်မလွဲကြီးကိုကြည့်ကာ စိတ်ပိန်သွားရသည်။

ဆင်ဝင်အောက်မှာရပ်နေသော ဆင်ကြီး၊ အဲလေ မီးမီးလေးက ဆင်မယဉ်သာ လမ်းလျှောက်ကာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာ လာ မီးမီးလေး၊ အန်တီက မလာဖြစ်တော့ဘူးလားလို့ ဖုန်းဆက်မေးမလို့လုပ်နေတာ၊ လာ လာ ထိုင်ဦး၊ သားရေ ဒီမှာ မီးမီးလေးအတွက် အအေးယူခဲ့ပါဦး"

"ရပါတယ် အန်တီရဲ့၊ မီးမီးကို ဧည့်သည်လိုသဘောမထားပါနဲ့၊ သူစိမ်းတွေလည်း မဟုတ်ဘဲနဲ့"

သူ့ကို မခို့တရို့ လှမ်းကြည့်ရင်း ဆိုလိုက်သော မီးမီး၏စကားကြောင့် သူ အီလည်လည်နှင့် ဖျို့တို့ဖွတ်ဖြစ်ကာ သွားရသည်။

စိတ်မသက်မသာနှင့်ပင် မီးဖိုခန်းထဲ ဝင်ခဲ့ဖြစ်ရင်း ရေခဲသေတ္တာထဲမှ တွေ့ရာအအေးဗူးကိုယူကာ ထမင်းချက်နေသော အိမ်အကူကောင်မလေးကို လှမ်းခေါ်ဖြစ်သည်။

"မိစံ"

"ရှင် အစ်ကိုလေး"

"ရော့. . . ဖန်ခွက်လေးဘာလေးယူပြီးတော့ ဧည့်ခန်းက ဧည့်သည်ကို သွားချပေးလိုက်"

"ဟုတ်"

လင်ဗန်းထဲ ဖန်ခွက်နှင့် အအေးဗူးကိုထည့်ကာ ဧည့်ခန်းဘက် ခပ်နွေးနွေး ထွက်သွားသော မိစံကို 'မြန်မြန်သွား'ဟု စိတ်တိုတိုဖြင့် လှမ်းအော်ဖြစ်သည်။

'ဘယ်ကိုရှောင်ထွက်ရပါ့'ဟု တွေးနေစဉ်မှာပင် ဧည့်ခန်းထဲမှ ပြန်လာသော မိစံက 'အစ်ကိုလေးကို အန်တီခေါ်နေတယ်'ဟု ဆိုလာသည်။

www.burmeseclassic.com

## ခန်းဆော် ၃၁

စိတ်လေလေဖြင့် ခေည့်ခန်းထဲပြန်ဝင်လာသောအခါ အဒေါ်ဖြစ်သူက သူ့ကို 'လာ. . . သား'ဟုဆိုရင်း လှမ်းခေါ်သည်။

"ဒီမှာလာထိုင်ဦးသား၊ မီးမီးလေးတို့များ အိမ်လည်လာတာတောင် တစ်ချက်ခုတ်နှစ်ချက်ပြတ် ပစ္စည်းအသစ်တွေရောက်လို့ဆိုပြီး အန်တီ့ကို ဦးဦးဖျားဖျားကြည့်ရအောင် အရင်ပြတာတဲ့၊ အဲဒါကြောင့် အန်တီက မီးမီးလေးကို ချစ်နေရတာ"

သူ့ကို လှမ်း၍ဆိုရင်း အဒေါ်ဖြစ်သူက ဆင်မယဉ်သာ ပစ်မလွဲကြီးကို ပါးဆွဲလိမ်သည်။ ဆင်မယဉ်သာကြီးကလည်း ဖျတ်ခနဲ သူ့ကိုလှမ်းကြည့်ရင်းက. . .

"ပစ္စည်းအသစ်ရောက်တိုင်း မီးမီးက အန်တီချစ်ကိုပဲ ပြေးပြေးမြင်နေတာ၊ သူ့စိမ်းတွေကိုမပြခင် ကိုယ့်လူရင်းတွေကိုပဲ အရင်ပြရမှာပေါ့၊ ဟုတ်တယ်မဟုတ်လား"

ဟု ဆိုပြန်သည်။ သူ့ကိုလှမ်းကြည့်သော အကြည့်က ,သူ့အဖို့တော့ ကတုန်ကယင်ကြီး ဖြစ်သွားစေခဲ့သည်ကတော့ အမှန်။ ရင်ခုန်၍ ကတုန်ကယင်ဖြစ်ခြင်းတော့မဟုတ်။ ဖျို့ချင်သလိုလို အန်ချင်သလိုလို ဖြစ်လာ၍ ရင်တုန်လာခြင်းဖြစ်သည်။ ထိုင်ဟု အဒေါ်ဖြစ်သူ ညွှန်ပြသောနေရာမှာ ထိုင်ရင်း ခေါင်းကိုကုတ်မိသည်။

"ဒီမှာယောကျ်ားလေးတွေစွပ်တဲ့ လက်စွပ်တွေလည်းပါတယ်၊ အန်တီဝယ်ပေးမယ်၊ ကြိုက်တာရွေး"

"အာ. . . အန်တီကလည်း သားက ရွှေတွေစိန်တွေ ဝတ်ရမှာ ရှက်လွန်းလို့၊ ကျွန်တော် ဒါမျိုးတွေမကြိုက်တာ သိရဲ့သား



www.burmeseclassic.com

www.burmeseclassic.com



နဲ့"

ခေါင်းခါရင်းဆိုသော သူ့စကားကြောင့် စိန်လက်စွပ်များ ထည့်ကာထားသော ကတ္တီပါဗူးကို သူ့ဆီလှမ်းပေးနေသော မီးမီးလေး၏လက်တို့က လေထဲမှာ ရပ်တန့်ကာသွားသည်။

"ဟဲ့. . . ယောကျ်ားလေးဆိုတာ နာရီကောင်းကောင်း တစ်လုံးနဲ့ စိန်လက်စွပ်တစ်ကွင်းလောက်ကတော့ လူရှိသေရှင်ရှိသေ ဝတ်ရမှာပေါ့၊ ဝယ်ထားပေးတဲ့နာရီတွေလည်း ပတ်တာမတွေ့ဘူး၊ ဝယ်ထားပေးတဲ့ စိန်လက်စွပ်တွေလည်း ဖြစ်သလို အံဆွဲထဲပစ်ထားလို ထားနဲ့ ဒီတစ်ခါတော့မရဘူးသား၊ လက်စွပ်ဒီဇိုင်းအသစ်တွေရောက် တုန်း တစ်ကွင်းတော့ ဝတ်ရမယ်၊ ကဲ ကဲ မထူးပါဘူး မီးမီးပဲ သားနဲ့ သင့်တော်မဲ့ လက်စွပ်ကို ရွေးပေးလိုက်တော့"

အန်တီ၏စကားအဆုံးမှာ ဆင်မယဉ်သာ ပစ်မလွဲကြီးက သူ့ဘေးမှာ စွေ့ခနဲရောက်လာကာ ခပ်သုတ်သုတ်ဝင်ထိုင်ရင်း ကတ္တီပါ ဗူးကို ဖျတ်ခနဲဖွင့်သည်။ ပြီး လက်စွပ်တစ်ကွင်းကို ယူကာ

"ဒါလေးဝတ်ကြည့်ပါလား"ဟု ဆိုသည်။

"ဝတ်ကြည့်ပါလားလို့ ပြောမနေတော့နဲ့ မီးမီးရေ၊ တစ်ခါ တည်းသာ ဝတ်ပေးလိုက်၊ တစ်ကွင်းပြီးတစ်ကွင်းသာ ဝတ်ပေးလိုက်၊ သူနဲ့အလိုက်ဆုံးတစ်ကွင်းကို အန်တီဝယ်ပေးမယ်"

အန်တီလေး၏ စကားပင်မဆုံးသေး ဆင်မယဉ်သာကြီးက သူ့လက်ကို ဆတ်ခနဲဆွဲကာ စောစောက သူမကိုင်ထားသောလက်စွပ် ကို သူ့လက်သူကြွယ်တွင် စွပ်ကာပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃၃

"ဟောတော့ ကိုအာကာ့လက်တွေကို အေးစက်နေပါလား"

ဆတ်ခနဲ သူ့လက်ကို အကိုင်ခံလိုက်ရသည်မို့ ကြောင်တောင်တောင်ဖြစ်သွားချိန်မှာ ပစ်မလွဲကြီးက သူ့လက်ကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်ထားရင်းက ဆိုသည်။ ကြိတ်ကာပြန်ဆွဲသော်လည်း သူ့လက်ကို သူမက မလွှတ်တော့။

"ဒီလက်စွပ်က နည်းနည်းချောင်နေတယ်နော်၊ နောက်တစ်ကွင်းစွပ်ပေးမယ်၊ အမလေး ကိုအာကာ့လက်တွေကလည်း အေးစက်ရုံတင်မကဘူး ကတုန်ကယင်ကြီး ဖြစ်နေပါလား၊ အေးလေဒါမျိုးက ဖြစ်တတ်ပါတယ်"

ဘယ်တုန်းက သိထားမှန်းမသိသော သူ့နာမည်ကို တွင်တွင်ခေါ်ကာ သူ့လက်ကို တင်းတင်းဆုပ်ထားရင်းက သူမက ရှက်အမ်းအမ်းဖြင့်ဆိုသည်။ သူမ၏ စကားအသွားအလာက သူကပဲ သူမကြောင့် လက်တွေအေးစက်တုန်ယင်နေသည့် သဘော။ သူကပဲ သူမကို တစ်ဖက်သတ်ရင်ခုန်နေသလိုလိုကြီး။

"လက်တွေတုန်မှာပေါ့ ကျွန်တော်က ကြောက်နေတာကိုး"

"ဟင်. . . ဘာကြောက်တာလဲ"

စိတ်ထဲ ခပ်ချဉ်ချဉ်ရှိသည်မို့ ပြောပစ်လိုက်သော သူ့စကားအဆုံးမှာ ပစ်မလွဲကြီးက 'ဘာကြောက်တာလဲ'ဟု ဆိုသည်။ မျက်နှာပျက်သွားရင်းက မေးခြင်းဖြစ်သည်။

"စိန်တွေကသန့်တော့ လက်စွပ်ဈေးကြီးမှာကို ကြောက်နေတာလေ မီးမီးရဲ့၊ သူက ကပ်စီးအိုးလေ၊ မကြောက်ပါနဲ့သားရယ်

www.burmeseclassic.com



အန်တီဝယ်ပေးမှာပါ"

ရုတ်တရက် သူ့ခါးကိုဆွဲဆိတ်ရင်း နောက်မှာရှိနေသော အန်တီက စကားလမ်းကြောင်းကို ရအောင်ပြောင်းသည်။

"အမလေး သူ့ငွေတွေကလည်း ကပ်စီးနည်းရတယ်ရှိသေး၊ မကြောက်ပါနဲ့ လျှော့လျှော့ပေါ့ပေါ့ လုပ်ပေးမှာပေါ့လို့"

သူမက မျက်စောင်းကြီးထိုးကာ ခပ်ညညဆိုလာသည်မို့ သူစိတ်လေသွားရသည်။ သို့သော် မျက်လုံးကြီးပြူးပြနေသော အန်တီ့ကြောင့် မရယ်ချင်ရယ်ချင်ဖြင့် 'ဟင်း ဟင်း'ဟု ရယ်လိုက်ရသည်။

ရယ်နေရင်းကာ မသိမသာ လက်ကိုကြိတ်ဆွဲကြည့်သော်လည်း သူမ၏လက်တစ်ဖက်က သူ့လက်ကို မြဲမြံစွာ ဆွဲထားရင်း ကျန်လက်တစ်ဖက်က ကတ္တီပါဗူးအတွင်းမှ လက်စွပ်တို့ကို မွှေကာနေသည်။

"ကဲ. . . ဒါလေးစွပ်ကြည့်"

သူမက သူ့ဘယ်ဘက်လက်သူကြွယ်မှာ လက်စွပ်တစ်ကွင်းကို စွပ်ပေးအပြီးမှာ သူ သူ့လက်ကို သူမလက်ထဲမှ ဆတ်ခနဲဆွဲကာ လက်စွပ်ကြည့်သလိုလိုနှင့် လက်ကို မိုးပေါ်ထောင်ထားဖြစ်သည်။

"အာ. . . မိုက်တယ်၊ ဒါလေးကြိုက်တယ်၊ လက်နဲ့လည်း အံကိုက်ပဲ"

လက်ကို အဓေါ်ဖြစ်သူဘက် ထောင်ပြလိုက်ရင်းက ဆိုဖြစ်သည်၊ အခြေအနေအရ လက်စွပ်တစ်ကွင်းကို မြန်မြန်မကြိုက်မိမချင်း သူ့လက်ကိုကိုင်ကာ တစ်ကွင်းပြီးတစ်ကွင်း စွပ်နေနေမည့်



www.burmeseclassic.com

www.burmeseclassic.com



ပစ်မလွဲကြီး၏ အန္တရာယ်က လွတ်အောင် ဒီလက်စွပ်ကို သူ ဖွတ်ကြိုက်ခြင်းဖြစ်သည်။

"တခြားလက်စွပ်တွေကိုလည်း ဝတ်ကြည့်ဦးလေ၊ အားနာစရာမလိုပါဘူး၊ ကြိုက်တာကိုပဲယူ"

ကတ္တီပါဗူးကို ကိုင်ကာ အံကြိတ်သံကြီးဖြင့် မချင့်မရဲဆိုသော ပစ်မလွဲကြီး၏ စကားကြောင့် သူ ကျောချမ်းသွားရသည်။

သို့နှင့် ခပ်သွက်သွက်ပင်

"အာ. . . အားမနာပါဘူး၊ ဒါလေးကို မြင်မြင်ချင်း သဘောကျသွားတာ၊ ချွတ်ကိုမချွတ်ချင်တော့ဘူး အဖဲ"

ပြောင်ချော်ချော်ပုံဖမ်းရင်း သူ သူ့လက်ကို ကျစ်နေအောင် ဆုပ်ထားဖြစ်သည်။ လက်ပြန်ဆန့်ပါက နောက်တစ်ကွင်း ထပ်စွပ်ပေးနေမှာစိုးရသေးသည်။ ထိုစဉ်မှာပင် ဖုန်းဝင်လာသည်မို့ ကြည့်လိုက်တော့ သော်ဇင့်ဖုန်း ဖြစ်နေသည်။

ဖုန်းကိုကိုင်ရန်အပြင်မှာ အန်တီချစ်က သူ့ကို တစ်ချက်လှမ်းကြည့်သည်။ မဟုတ်ကဟုတ်ကတွေပြောပြီး လစ်ထွက်တော့မည်ဆိုသည်ကို ကြိုသိနေသည်ကို ဒီတူနှင့်ဒီအဒေါ် တစ်ယောက်အထာကို တစ်ယောက် ကောင်းကောင်းသိနေကြပြီးသား ဖြစ်သည်ဆိုတော့

"အေး. . . သော်ဇင်၊ ပြော"

"မင်းအိမ်မှာ ရှိနေမှာမဟုတ်လား၊ ငါတို့နှစ်ကောင် မင်းဆီ ဝိမ်းလာဆော့ကြမလို့"

"ဘာ. . . ဘယ်လို ဝေဖြိုးအောင် ဆိုင်ကယ်အဖ်ဆီးဒင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ဟုတ်လား၊ ဒုက္ခပါပဲကွာ"

သူ အလန့်တကြားပုံစံဖမ်းပြီး ပေါက်တတ်ကရတွေ ပြောဖြစ်သည်။ ဘာပြောပြော သော်ဇင့်ဖုန်းဝင်လာခြင်းက သူ့အတွက် ကံကောင်းခြင်းဖြစ်သည်။ ရှောင်ထွက်ရန်ဂွင် ရသွားသည်ကိုး။ သူ့စကားကြောင့် တစ်ဖက်မှ ကြောင်တောင်တောင်ဖြစ်ကာ သွားသည်။

"ဟကောင် အာကာ၊ မင်းဘာတွေ မဦးမချွတ်လျှောက်ပြောနေတာလဲ၊ ဟိုကောင်ကြားရင် မင်းကိုသတ်လိမ့်မယ်"

"ဘာ. . . ဆေးရုံတင်ရမယ် ဟုတ်လား၊ အေးပါ ငါအခုငွေယူပြီး ချက်ချင်းလာခဲ့မယ်"

"ဟကောင်. . . ငါတင်းလာပြီနော်၊ အာကာ မင်းရူးနေလား"

သော်ဇင်က အာခေါင်ခြစ်ကာ ထအော်လာသည်။ သို့သော် သူဆက်ပြီးလိမ့်ဖြစ်သည်က

"ဘာ. . . ဘာပြောတယ် သော်ဇင်၊ မင်းလည်း လက်ကျိုးသွားတယ်ထင်တယ် ဟုတ်လား၊ မင်းတို့ကို အဲဒါကြောင့် ဆိုင်ကယ် ဖြည်းဖြည်းစီးဖို့ ငါပြောတာ"

"ဟကောင် ခွေးကောင် ဖွဟဲ့လွဲပါစေဖယ်ပါစေဗျာ၊ မင်းဘာတွေလျှောက်ပြောနေတာလဲ သေချင်းဆိုးရ"

"အေးပါကွာ ငါ့ကိုသုံးမိနစ်ပဲစောင့်၊ ငါအခုထွက်လာခဲ့မယ်"

ပြောပြီး ဖုန်းကို အိတ်ကပ်ထဲပြန်ထည့်သော ကျွန်မတော့်ကို

www.burmeseclassic.com



ကြည့်ကာ ဦးလေးဖြစ်သူက သတင်းစာကို မီးမီးလေးမမြင်အောင် ကွယ်ရင်းက ရယ်သည်။ ဒေါ်လေးကတော့ 'ငါသိတယ်နော်'ဆိုသော အကြည့်ဖြင့် ကြည့်သည်။

"ကဲ ကဲ အန်တီလေး သား ဒီလက်စွပ်ပဲယူတော့မယ်၊ မမီးမီး ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ၊ ကျွန်တော် အရေးပေါ်ကိစ္စလေးဖြစ်လာလို့ အန်တီလေး လက်စွပ်ဖိုးရှင်းပေးလိုက်နော်၊ ရော့ ဈေးနှုန်းကြည့်လို့ရအောင် ချွတ်ပေးခဲ့မယ်"

ပြောပြောဆိုဆိုပင် လက်စွပ်ကိုချွတ်ကာ စားပွဲပေါ် ခပ်သွက်သွက် တင်ပေးလိုက်သည်။ ပြီး လှည့်မကြည့်စတမ်း အိမ်ထဲမှ ပြေးထွက်ခဲ့ကာ သော့တန်းလန်းဖြစ်နေသော ဆိုင်ကယ်ပေါ် တက်ခွကာ ထွက်ခဲ့ဖြစ်သည်။

အံ့အားတသင့်ဖြင့်(အဟုတ်ကြီးမှတ်ကာ)ကြည့်ရင်း ကျန်ခဲ့ရှာသော မီးမီး၏ပုံစံကို ပြန်မြင်ယောင်ရင်း သူ တဟားဟားရယ်ဖြစ်သည်။

ဒီအချိန်ဆို အန်တီလေးကတော့ ဒေါကန်ရင်း ကျန်ခဲ့လောက်ပြီဖြစ်သည်။ သူကတော့ ဖုန်းကိုထုတ်ကာ သော်ဇင့်ဆီ လှမ်းဆက်ဖြစ်သည်။ အကျိုးအကြောင်းရှင်းပြကာ ဒေါထနေသော သကောင့်သားကို ချော့ရဦးမည်ကိုး။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



In buying horses and in taking a wife, shut your eyes tight and comed yourself to God.

မြင်းများဝယ်ယူရင်ပဲဖြစ်ဖြစ်၊ မိန်းမယူတဲ့အခါပဲဖြစ်ဖြစ် သင့်ရဲ့မျက်လုံးများကို ခပ်တင်းတင်းမှိတ်ပြီး ဘုရားသခင်ထံမှာ အာရုံပြုထားပါ။

**Italian Proverb**

×××××

ဝိ : မိ : ၈၇၆၂

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ပဲ မင်းနဲ့မင်းရဲ့ဇနီးလောင်းတို့နှစ်ယောက် စေ့စပ်လက်စွပ်တွေ၊ လက်ထပ်လက်စွပ်တွေ ရွေးခဲ့ကြတယ်ပေါ့"

"ဘာဇနီးလောင်းလဲ၊ ဘာစေ့စပ်လက်စွပ်လဲ၊ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေဗျာ"

သော်ဇင်၏စကားကို 'ဖွဟဲ့'ဟုဆိုရင်း သူ ခေါင်းတွင်တွင်ရမ်းဖြစ်သည်။ သူ့ပုံစံကိုကြည့်ရင်း ဝေဖြိုးအောင်က ဟက်ခနဲရယ်သည်။

"ဘာ. . . ဘယ်လို လွဲပါစေ ဖယ်ပါစေ ဟုတ်လား၊ မင်းတဒါလေးပြောတာကြတော့ အကြောက်အကန်ကြီး မျက်မီပျက်မျက်နှာပျက် ငြင်းတယ်နော်၊ ငါနဲ့သော်ဇင်ကိုကျတော့ လက်ကိုင်ပုဆိုးလေးဆေးရုံတင်ရမယ်လေးနဲ့ ငါပြောလိုက်ရမကောင်း ရှိတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ကွာ ငါလည်း ရုတ်တရက်အတွေးရပြီး ပြောချင်ရာ စွတ်ပြောလိုက်တာ၊ ဗွေမယူပါနဲ့ကွာ ဒါလေးပြောမိတာကို၊ အချင်းချင်းတွေပဲဥစ္စာ နောက်တယ်လို့ပဲ သဘောထားကြ ဟုတ်ပြီလား"

ဝေဖြိုးအောင်တို့နှစ်ကောင်ကို သူ ရယ်ကျဲကျဲဖြင့် ဆိုဖြစ်သည်။

"ဩော်. . . မပြောကောင်းမဆိုကောင်းတွေ အားရအောင်ပြောပြီးတော့ နောက်တယ်လို့သဘောထားခိုင်းတယ်ပေါ့၊ ဟုတ်ပြီလေ အလှည့်ကျရင်တော့ မနွဲ့စတမ်းပေါ့"

သော်ဇင်က မကျေမချမ်းဖြင့် ရေရွတ်သည်။

"အဲဒါတွေ အသာထားပြီး မင်းတို့နှစ်ကောင် ငါ့ကို အကြံပေးကြပါဦးကွာ၊ ပစ်မလွဲကြီးနဲ့ ကိစ္စကို ဘယ်လိုရှင်းရင် ကောင်းမလဲ ဆိုတာလေး လုပ်ကြပါဦး"

ခေါင်းကိုကုတ်ကာဆိုသော သူ့စကားအဆုံးမှာ နှစ်ကောင်စလုံးက သူ့ကို မကြည်ကြည့် ကြည့်သည်။

"ငါတို့က ဘာကူညီရဦးမှာတုန်း၊ ငါတို့နှစ်ကောင်က မင်းလိုဉာဏ်နီဉာဏ်နက်တွေထွက်ပြီး ဘော်ဒါအရင်းခေါက်ခေါက်တွေကိုတောင် ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်တဲ့အထိ အကွက်မချတတ်ဘူး၊ ကိုယ့်ဘာသာကိုယ် ကောင်းသလိုစီစဉ် ဒါပဲ"

အစာကြေသေးဟန်မတူသော သော်ဇင်က ခပ်ဆောင့်ဆောင့်ဆိုသည်။

"ငါကတော့ အီတလီစကားပုံတစ်ခုကို ပြေးသတိရတယ်၊

www.burmeseclassic.com



မင်း အဲဒီစကားပုံလိုပဲ လုပ်ပေါ့"

ဝေဖြိုးအောင်က ဆရာကြီးအထာဖြင့် ခေါင်းကိုညိတ်ကာ ညိတ်ကာဖြင့် ဆိုသည်။

"အီတလီစကားပုံက ဘာတဲ့လဲ"

သူ့စကားအဆုံးမှာ ဝေဖြိုးအောင်က

"မြင်းတွေဝယ်တဲ့အခါပဲဖြစ်ဖြစ်၊ မိန်းမယူရင်ပဲဖြစ်ဖြစ် သင့်ရဲ့မျက်လုံးတွေကို တင်းတင်းမှိတ်ထားပြီးတော့ ဘုရားသခင်ဆီမှာပဲ အာရုံပြုထားပါတဲ့"ဟုဆိုသည်။

"အဓိပ္ပာယ်က ဘာလဲ"

"အဓိပ္ပာယ်ကတော့ အဲဒီပစ်မလွဲကြီးကို မင်း စိတ်ချလက်ချသာ ယူလိုက်တော့တဲ့"

သူ့အမေးကို ဝေဖြိုးအောင်မဖြေခင်မှာ သော်ဇင်က ဝင်၍ နောက်သည်။

"အေး. . . ကောင်းသားပဲ"

ဟု သူ သော်ဇင့်ကိုရွဲ့ကာ ဆိုဖြစ်သည်။ အီလည်လည်ကြီးဖြစ်သွားသော သူ့ကိုကြည့်ရင်း သကောင့်သားနှစ်ကောင်က ရယ်ကြသည်။

"ငါနားလည်သလို အဓိပ္ပာယ်ဖွင့်ရရင်တော့ မြင်းပဲဝယ်ဝယ်၊ မိန်းမပဲယူယူ နောက်ပိုင်းမှာ အပြစ်တွေမြင်လာမယ်လေ၊ ဝယ်ပြီးသားမြင်းရဲ့ အပြစ်အနာအဆာတွေ တစ်စထက်တစ်စ ပိုမြင်သလိုသလို မိန်းမကလည်း ယူပြီးနောက်ပိုင်းမှာ သူ့ရဲ့ ကိုယ်မသိသေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



အပြစ်တွေ အကျင့်တွေ မြင်လာမယ်လေ၊ ဒီတော့ အဲဒီလိုမဖြစ်အောင် မျက်စိကိုစုံမှိတ်ပြီး ဘုရားကိုပဲ အာရုံပြုထားလိုက်တော့ဆိုတဲ့ သဘောပေါ့၊ အခု မင်းမှာက ရည်းစားမှမရှိတာ၊ ဒီတော့ မင်းကြွေရည်ဖန်ရည်မရှိလို့ မင်းအဒေါ်က စီစဉ်ပေးရတာဆိုတော့”

“ဘာဖြစ်လဲ”

စကားကိုမဆက်သေးဘဲ စပ်ဖြီးဖြီးလုပ်နေသော ဝေဖြိုးအောင်ကို ‘ဘာဖြစ်လဲ’ဟု သူ ခပ်ဆတ်ဆတ်မေးဖြစ်သည်။

“အဲဒီပစ်မလွဲကြီးကိုပဲ ယူပြီးတော့ မျက်လုံးကို တင်းတင်းမှိတ်ပြီး ဘုရားကို အာရုံပြုထားရင် ဝတာလည်းမမြင်တော့ဘူး၊ ပွတာလည်းမမြင်တော့ဘူး၊ ကဲ မကောင်းဘူးလား၊ ဒီတော့ မင်း အဲဒီပစ်မလွဲကြီးနဲ့ကိစ္စကို ခေါင်းသာညိတ်လိုက်တော့၊ ဝတာကို မေ့ဖျောက်ပစ်လို့ရမယ့် အိတလီဖော်မြူလာကြီး ရှိနေပြီပဲ၊ မဟုတ်ဘူးလား”

“မဟုတ်ဘူး”

ဝေဖြိုးအောင်၏ စကားအဆုံးမှာ ‘မဟုတ်ဘူး’ဟု မျက်နှာကြီးနီကာ ဆိုသော သူ့ကိုကြည့်ရင်း သကောင့်သားနှစ်ကောင်ကတော့ တခွီးခွီးရယ်ကြသည်။

×××××

www.burmeseclassic.com

www.burmeseclassic.com

## ချိုးဆော် (၄၃)

ဘယ်လို . . နည်းနည်းလေးဝတယ်
ဖန်တီလေးရာ ကြည့်လည်း
လုပ်ပါဦး၊ ဂျပန်ကဆူမိုနပမ်း
သမားတောင် သူ့လောက်
ဗလမကောင်းဘူး။

"လှတာမက်ရင် ညစာခက်တယ်သားရဲ့၊ မီးမီးလေးက သဘောမနောကောင်းလေးပါ၊ အန်တီလေးက သားအတွက် ညစာမခက်ရအောင် စီစဉ်တဲ့အနေနဲ့ မီးမီးလေးကို ရွေးပေးတာ"

"အာ. . . အန်တီလေးကလည်း ညစာခက်ရင် မစားဘဲ ဥပုသ်စောင့်လိုက်မယ်ဗျာ၊ မီးမီးလေးနဲ့တော့ သားနဲ့ဖြစ်မှာမဟုတ်ဘူး"

အန်တီလေး၏ စကားအဆုံးမှာ သူ ခေါင်းကို ဘယ်ညာရမ်းရင်းဆိုဖြစ်သည်။ အန်တီလေးက 'ခက်တော့တာပဲ'ဟူသော သဘောဖြင့် သက်ပြင်းကို ချသည်။

"စကားကို အဲဒီလို လက်လွတ်စပယ်မပြောရဘူး သားရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မီးမီးလေးနဲ့ ဖြစ်မှာမဟုတ်ဘူးလို့ပြောရအောင် မီးမီးလေးက ဘာများ ချို့ယွင်းချက်ရှိနေလို့လဲ၊ စီးပွားရေးနဲ့ပတ်သက်ရင်လည်း တောင်ကြီး မြို့ရဲ့ ဒိတ်ဒိတ်ကြဲမြို့မျက်နှာဖုံး၊ မီးမီးလေးတို့ရဲ့ စီးပွားရေးလုပ်ငန်း တွေဆိုတာ တောင်ကြီးတစ်မြို့လုံး လက်ညှိုးထိုးမလွဲပဲ၊ ပညာရေးနဲ့ ပတ်သက်ရင်လည်း ကွန်ပျူတာဘွဲ့ရတစ်ယောက်၊ နည်းနည်းလေး ဝတာကလွဲရင် လုံးဝ Perfect ပဲ"

"ဘယ်လို. . . နည်းနည်းလေးဝတယ်၊ အန်တီလေးရာ ကြည့်လည်းလုပ်ပါဦး၊ ဂျပန်ကဆူမို နပမ်းသမားတောင် သူ့လောက် ဗလမကောင်းဘူး၊ အန်တီလေးတော့ မျက်စိမျက်မှန်စမ်းဖို့ လိုနေပြီ ထင်တယ်"

အန်တီလေး၏စကားကို အကြောက်အကန်ပင် သူငြင်းဖြစ် သည်။

"ဘာပဲပြောပြောပေါ့သားရယ်၊ မင်းရဲ့ဦးလေး ပြောသလိုပဲ အန်တီလေးကတော့ အရိပ်အယောင်လောက်ပဲ တစ်ဖက်ကိုပြော ထားတာပါ၊ သားနှစ်သက်တယ်ဆိုမှ အန်တီလေးက စီစဉ်မှာပါ"

"ကျေးဇူးပါပဲ အန်တီလေးရာ၊ သားကတော့ အခုရော နောင်ရော ပြောနိုင်တယ်၊ မီးမီးလေးက သားအတွက် ညီမလေး ဒါမှမဟုတ် ဘော်ဒါလောက်ပဲဖြစ်နိုင်မယ်၊ သေချာတယ်"

သူ့စကားအဆုံးမှာ အန်တီလေးက မချင့်မရဲဖြင့် သက်ပြင်း ကိုချသည်။ သူကတော့ လေပူကိုသာ ဖူးခနဲ မှုတ်ထုတ်ဖြစ်သည်။

xxxxx



www.burmeseclassic.com

www.burmeseclassic.com



A wise woman will marry the man who loves her rather than the one she loves.

ဉာဏ်ပညာရှိသော မိန်းမသည် သူမချစ်သော ယောကျ်ားထက် သူမကိုပို၍ချစ်သော ယောကျ်ားကိုသာ လက်ထပ်လိမ့်မည်။

Slovenian Proverb

××××

www.burmeseclassic.com

www.burmeseclassic.com



ပတ်ခနဲပြန်၍ ခပ်ချွဲချွဲဆိုလိုက်သော ပစ်မလွဲကြီး၏ စကားကြောင့် သူ 'နင်'ခနဲ ဖြစ်သွားရသည်။ ပစ်မလွဲကြီးက 'သူစိမ်းတွေလည်း မဟုတ်ဘဲနဲ့'ဟု ဆိုရင်း ခေါင်းကိုငုံ့ကာ အရွက်များပင် သည်းနေလိုက်သေးသည်မို့ သူ ရင်တွေခံသွားရသည်။

အိမ်ရှေ့မှ ကားသံကြားသော်လည်း သူမော့မကြည့်မိ။ စောစောက အပြင်သွားသော ဦးလေးတို့လင်မယား ပြန်ရောက်လာသည်အထင်နှင့် ဂျာနယ်ကိုသာ ဆက်ဖတ်နေဖြစ်သည်။

"အိမ်ရှင်တို့"

ကြားဖူးနေကြ ချိုအီအီ၊ ပျစ်ချွဲချွဲအသံကြောင့် သူ အိမ်တံခါးဝကို ကြည့်လိုက်တော့ ပြုံးကာပြနေသူက မီးမီးလေး။

"ပစ္စည်းဒီဇိုင်းအသစ်တွေ ထပ်ရောက်လို့ အန်တီလေးကို ဦးဦးဖျားဖျား ကြည့်ရအောင်လို့ လာပြတာလေ"

ကိုယ့်အိမ်ကိုယ်ယာ ရောက်လာသလိုမျိုး ဆိုရင်းဖြင့် သူမက ဆက်တီမှာ ဇွေ့ခနဲဝင်၍ထိုင်သည်။

ဝိ ၊ မို း ဓ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄၇

"အန်တီလေးက အပြင်သွားတယ် မီးမီးရဲ့ ကြာမလားမသိဘူး"

ပြန်ချင်လည်းပြန်သွားပါစေ ဟူသောဆန္ဒဖြင့် သူဆိုဖြစ်သည်။ သူ့စကားအဆုံးမှာ မီးမီးလေးက ပါးစုံ့ကြီးတွေ မို့မောက်တက်လာသည်အထိ ပြုံးသည်။

"ဖုန်း contact ရပြီးသွားပြီ၊ အန်တီလေးက ခဏလေးစောင့်တဲ့၊ ပြန်လာခဲ့မယ်တဲ့၊ ကိုအာကာ့ကို ဖုန်းဆက်ပြီး ဧည့်ခံခိုင်းထားမယ်လို့တောင် ပြောနေသေးတယ်၊ အဟင်း ဟင်း"

ပြောလို့မှမဆုံးသေး သူ့ဘောင်းဘီအိတ်ကပ်ထဲမှ ဖုန်းက ရှတ်တရက်ထမြည်ကာ လာသည်။ ကြည့်လိုက်တော့ မီးမီးဆိုခဲ့သလိုပင် အန်တီလေးထံမှ ဖုန်းဖြစ်ကာနေသည်။

"ဟုတ်ကဲ့"

"သားရေ. . . မီးမီးလာလိမ့်မယ်"

"ရောက်နေပြီ"

အန်တီလေး၏ စကားမဆုံးခင်မှာ သူ ခပ်ဆောင့်ဆောင့်ပင် ဖြတ်ပြောဖြစ်သည်။ အန်တီလေးက ဟက်ခနဲရယ်ရင်း

"အေး. . . ရောက်နေရင်လည်း တစ်ခုခုတိုက်ချင်တာတိုက်ပြီး ဧည့်ခံထားလိုက်ဦး၊ အန်တီလေးတို့ အခုပဲပြန်လာတော့မှာ"

"ဟုတ်ကဲ့"

"ဒါပဲနော် သား"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



တိုက်ချင်တာတိုက်ပြီး ညည်းခံထားလိုက်ဟူသော စကား ကြောင့် သူမချိုပြုံး ပြုံးဖြစ်သည်။

"တိုက်ချင်တာကတော့ ဒူးနဲ့ပဲ အန်တီလေးရေ"ဟု စိတ်ထဲ မှနေ ရေရွတ်ဖြစ်သည်။ တကယ်တမ်းကျတော့ အိမ်အကူ မိစံကို လှမ်း၍ခေါ်ဖြစ်သည်။ အိမ်ရှင်တို့၏ ဝတ္တရားက ရှိသေးသည်ကိုး။

"မိစံရေ"

"ရှင်. . . အစ်ကိုလေး"

"ခဏလာဦး"

သူ့အသံအဆုံးမှာ မရှေးမနှောင်းဘဲ မိစံရောက်လာသည်။

"မီးမီး အအေးလား၊ အပူလား"

"ဘာအအေးပဲဖြစ်ဖြစ် အေးအေးလေး"

မီးမီးလေးက မျက်လုံးစုံမှိတ်ရင်းက သူ့ကိုပြန်ဖြေသည်။ စိတ်ထဲမှနေ 'ငြင်းရှာသားပဲ'ဟု ခပ်ချဉ်ချဉ်ပဲ တွေးဖြစ်သည်။

"ကဲ. . . မိစံ ကြားတယ်မဟုတ်လား"

"ဟုတ်"

"သွားယူခဲ့"

"ဟုတ်"

မိစံက ခပ်သုတ်သုတ်ပဲ ထွက်ကာသွားသည်။

"ကိုအာကာ"

"ဗျာ"

"အခုတစ်ခေါက် လက်စွပ်ဒီဇိုင်းအသစ်လေးတွေ ပါသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်သိလား၊ လုံးဝ ဘယ်သူမှမကြည့်ရသေးခင် ယူလာပြတာ"

မီးမီးက သူမ၏ဘေးလွယ်အိတ်ကို ပုတ်ပြရင်းက ဆိုသည်။

"ရှေ့တစ်လောက ဝယ်ထားတာတောင် မစွပ်ဖြစ်ဘူး၊ ပြီးတော့ ကျွန်တော်တို့က အသစ်ပေါ်တိုင်း ဝယ်ဝတ်နိုင်လောက်အောင်လည်း မချမ်းသာဘူး၊ တော်ပါပြီဗျာ ကျွန်တော်ကတော့ မကြည့်တော့ဘူး၊ အန်တီလေးလာမှပဲ အန်တီလေးကိုပဲ ပြလိုက်တော့နော်"

သူ့စကားအဆုံးမှာ မီးမီးက ခေါင်းကိုခါသည်။

"ကိုအာကာကလည်း ဒီဇိုင်းအသစ်ရောက်လာရင် ဝတ်ပြီးသားဒီဇိုင်းအဟောင်းနဲ့ အလဲအထပ် လုပ်လို့ရတယ်လေ၊ သူများတွေလည်း ဒီလိုပဲ အမျိုးမျိုးဝတ်နေကြတာ၊ တကယ့်သူဌေးတွေတောင်မှ ဒီလိုပဲ လဲလိုက်ထပ်လိုက်နဲ့ အမျိုးမျိုးဝတ်ကြတာ၊ မသိရင်တော့ စိန်ထည်တွေ တစ်ဆိုင်စာလောက်ရှိတယ်ထင်ကြမှာပဲ"

"ကျွန်တော်ကတော့ ယောကျ်ားလေးမို့လားမသိဘူး ရတနာတွေကို အဲဒီလောက်ထိ စိတ်မဝင်စားဘူးဗျ"

ပစ်မလွှဲကြီး၏ ဆုံးအုံ့မထင်သောစကားကို သူဖြတ်ချဖြစ်သည်။

"အင်းပေါ့လေ. . . လူတစ်ယောက် ဝါသနာတစ်မျိုးပေါ့၊ ဒါနဲ့ ကိုအာကာက ဘာလုပ်တာဝါသနာပါလဲဟင်"

"ကွန်ပျူတာနဲ့ ပတ်သက်တာ အကုန်စိတ်ဝင်စားတယ်၊ အခုရန်ကုန်မှာ နေရာရှာနေတယ်၊ ကွန်ပျူတာနဲ့ပတ်သက်တဲ့ ဆက်စပ်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ ရောင်းရအောင်လို့၊ တံဆိပ်တစ်ခုခုကို တစ်ဦးတည်း ကိုယ်စားလှယ်ယူပြီးတော့ပေါ့၊ ရန်ကုန်မှာ အခြေကျတာနဲ့ နေပြည်တော်၊ မန္တလေးနဲ့ တောင်ကြီးမှာပါ ရုံးခွဲတွေ ဆိုင်ခွဲတွေ ဆက်ဖွင့်မယ်"

"ကောင်းလိုက်တာ၊ ဒီလို ITခေတ်ကြီးမှာ အဲဒီလိုစီးပွားရေးက လုပ်ဖို့အသင့်တော်ဆုံးပဲ၊ မီးမီးလည်း ရှယ်ယာထည့်မယ်လေ"

ဇွတ်ကြီးဆိုလာသော ပစ်မလွဲကြီး၏စကားကြောင့် သူ ခေါင်းကို ကုတ်ဖြစ်သည်။

"ကျွန်တော့်သူငယ်ချင်းနှစ်ယောက်နဲ့ ကျွန်တော်နဲ့ သုံးယောက်စုလုပ်ကြမှာလေ၊ လေးယောက်ကျတော့ မကောင်းဘူးလေ သိတယ်မဟုတ်လား၊ ကျွန်တော့်သူငယ်ချင်းနှစ်ကောင်က သိပ်အယူသီးတာ၊ လေးဂဏန်းဆိုရင် လေးလေးပင်ပင် ဖြစ်တတ်လို့တဲ့၊ တခြားသူငယ်ချင်းတစ်ယောက်က ရှယ်ယာဝင်ချင်တာတောင် လက်မခံဘူး၊ လေးဦးစပ်ဆိုရင် အရောင်းအဝယ်တွေ လေးလံထိုင်းမှိုင်းမှာစိုးလို့တဲ့၊ ဟော. . . အအေးရောက်ပြီ သောက်ပါဦး"

အအေးသွားယူတာ နှေးကွေးသော မိစံကို စိတ်ထဲမှ အပြစ်တင်ရင်း ပြန်မလာသေးသော အန်တီလေးတို့ကို မျှော်နေမိသည်။

ကြည့်ရသည်မှာ မီးမီးလေးနှင့်သူ နှစ်ယောက်တည်း စကားကြာကြာပြောစေရန် အလို့ငှာ တမင်များ ဝှင်ဆင်ကာ ပြန်မလာလေသလားတော့မသိ။

ပစ်မလွဲတစ်ယောက်တည်းထားကာ ထထွက်သွားရမည်က



www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်။ ထိုင်ကာ အလွှာပသလ္လာပ ပြောနေပြန်တော့လည်း ပျင်းစရာက ကောင်းနေပြန်သည်။

"အန်တီလေးကတော့လေ ဘယ်တွေများဝင်နေတယ်မသိဘူး၊ ညှိသည်ကို စောင့်ခိုင်းထားရတာ အားနာစရာတောင်ကောင်းနေပြီ"

"ရပါတယ် ကိုအာကာရဲ့၊ မီးမီးကို ညှိသည်လို သဘောမထားပါနဲ့၊ သူစိမ်းတွေလည်း မဟုတ်ဘဲနဲ့"

ပက်ခနဲပြန်၍ ခပ်ချွဲချွဲဆိုလိုက်သော ပစ်မလွဲကြီး၏ စကားကြောင့် သူ 'နင်'ခနဲ ဖြစ်သွားရသည်။ ပစ်မလွဲကြီးက 'သူစိမ်းတွေလည်း မဟုတ်ဘဲနဲ့'ဟုဆိုရင်း ခေါင်းကိုငုံ့ကာ အရှက်များပင်သည်းနေလိုက်သေးသည်မို့ သူ ရင်တွေခဲသွားရသည်။ မဖြစ်တော့ အန်တီလေးဆီ ဖုန်းဆက်မှဖြစ်မည်ဟု တွေးရင်း အိတ်ကပ်ထဲမှဖုန်းကိုထုတ်၍ အန်တီလေးဆီ ခေါ်ဖြစ်သည်။

"အန်တီလေး"

"အေး. . . သားလေး ပြော"

"ပြန်မလာသေးဘူးလား၊ ဒီမှာ ညှိသည်ကို အားနာစရာကြီး"

"အမလေး သားရယ်၊ မီးမီးလေးက ညှိသည်မှမဟုတ်တာ၊ သူစိမ်းမဆန်စမ်းပါနဲ့၊ ခဏလေးညှိခံထားလိုက်ဦး၊ အန်တီလေးတို့ လမ်းထိပ်ကိုရောက်နေပြီ၊ ဒါပဲနော်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



စိတ်မပါတပါဖြင့် 'ဟုတ်ကဲ့'ဟုဆိုရင်း သက်ပြင်းကို သူ မသိမသာ ချဖြစ်သည်။ မီးမီးလေးခေါ် ပစ်မလွဲကြီး၏ရှေ့မှာ နေရသည်မှာ သူ့အတွက်တော့ စိတ်ကျဉ်းကျပ်စရာတွေသာ ဖြစ်ကာနေသည်။

"ဒါနဲ့ အန်တီလေးကပြောတယ်၊ ကိုအာကာ့မှာ ရည်းစားမရှိဘူးတဲ့၊ ဘာဖြစ်လို့ ရည်းစားမထားတာလဲ၊ အကြိုက်မတွေ့လို့လား"

"မဟုတ်ပါဘူးဗျာ၊ အခု ရည်းစားမရှိဘူးလို့ ပြောတာလေ၊ ရည်းစားမထားဖူးတာမှ မဟုတ်တာ၊ အခုထားချင်ရင် အခုကောက်ထားလိုက်လို့ ရသားပဲ၊ ရည်းစားထားရမှာ ပျင်းလွန်းလို့"

စိတ်မပါတပါဖြင့်ပင် သူဆိုဖြစ်သည်။

"ကောင်းတယ်၊ ကောင်းတယ်၊ ရည်းစားရှိရင် အလုပ်ရှုပ်တယ်သိလား၊ ဒါကြောင့် မီးမီးဆိုရင် ကြိုက်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေတာတောင် စိတ်ရှုပ်မခံချင်လို့ လုံးဝ ရည်းစားမထားဘူး၊ ဖူးစာပါတဲ့လူတွေ့မှပဲ တစ်ခါတည်း လက်ထပ်လိုက်တော့မယ်၊ အဟီး"

'ဒါကြီးကိုလား ကြိုက်တဲ့လူ ဝိုင်းဝိုင်းလည်နေတာ'ဟု တွေးရင်း ရယ်ချင်စိတ်ကို သူ အတော်ကြီး အောင့်အီးထားရသည်။

ရိုင်းရာကျသွားမည်ဆိုးသည်မို့ ထမရယ်မိသော်လည်း သူ့မျက်နှာမှာ ရယ်ချင်ပက်ကျိဖြင့် ပြောင်ချော်ချော်ကြီး ဖြစ်နေမှာ သေချာသည်။

"တချို့ဆို ညတိုင်းဖုန်းဆက်လိုက်၊ Message ပို့လိုက်နဲ့ အရမ်းနှောင့်ယှက်ကြတာပဲ သိလား"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



"သူလည်း ခေသူမဟုတ်ပါလား"ဟု တွေးမိသည်။

"အိမ်ရှေ့မှာ နှင်းဆီပန်း နေ့တိုင်းလာပို့တဲ့လူတွေကလည်း တစ်မျိုး၊ သိပ်စိတ်ရှုပ်တာပဲ"

"ဩော်. . . ဩော်"

ဒီတစ်ခါတော့ နှစ်ခါတိတိ 'ဩော်'ဖြစ်သည်။ သူမကိုကြည့်ရသည်မှာ ကြွားနေသည်နှင့်မတူ။ အတည်ပြောနေသည့်ပုံ ပေါက်ကာနေသည်။

"ဗွဲကောင်းတဲ့ လူတချို့ကိုတော့ သနားပါရဲ့၊ ဒါပေမဲ့ ကိုယ်က ပြန်မချစ်နိုင်တော့လည်း ခက်သားလား၊ အားနာရုံ သနားရုံနဲ့တော့ ပြန်မချစ်ပေးနိုင်ဘူးလေ၊ ဟုတ်တယ်မဟုတ်လား"

"ဒါပေါ့ဗျာ၊ ဒါပေါ့"

သူမ၏စကားကို သူ ရယ်ချင်စိတ်ကို အောင့်ထားရင်းက ထောက်ခံဖြစ်သည်။

"ဒါပေမယ့်လည်း ဆလိုဗီးနီးယန်း စကားပုံတစ်ခုမှာက တော့ ဉာဏ်ပညာရှိတဲ့ မိန်းမတွေက သူတို့ချစ်တဲ့လူထက် သူတို့ကို ပိုချစ်တဲ့ ယောကျ်ားကိုပဲ လက်ထပ်လိမ့်မယ်လို့ ဆိုထားတယ်"

"မြန်မာလိုဆိုရင်တော့ ကိုယ်ချစ်ကိုမရှာနဲ့၊ သူချစ်ကိုရှာဆိုတဲ့ သဘောမျိုးဖြစ်မှာပေါ့"

သူ ရယ်ချင်ပက်ကျိနှင့်ပင် ထောက်ခံဖြစ်သည်။

"သူချစ်ကိုရှာမယ်လို့ စဉ်းစားပြန်တော့ တစ်ယောက် ယောက်ကို ရွေးလိုက်ပြန်ရင်လည်း ကျန်တဲ့လူတွေကို အားနာစရာ

www.burmeseclassic.com

www.burmeseclassic.com

## (၅) မြောက်ကိုက်

ကြီး အသည်းတွေဘာတွေကွဲပြီး ဘဝတွေဘာတွေ ပျက်ကုန်ရင် ကိုယ့်တာဝန်မကင်းသလိုကြီး ဖြစ်ဦးမယ်"

"ဟုတ်တာပေါ့ဗျာ၊ မီးမီးမှာက ဝိုင်းဝိုင်းလည်နေတာကိုး"

မရယ်မိအောင် ဖွတ်အတင်းအောင့်အီးရင်း သူထောက်ခံဖြစ်သည်။

"ဒီတော့လေ အိမ်ထောင်ရေးနဲ့ပတ်သက်လာရင် ကိုယ့်သဘောနဲ့ကိုယ်မလုပ်ဘဲ လူကြီးတွေစီမံတဲ့အတိုင်း ခေါင်းညိတ်လိုက်တာပဲ ကောင်းပါတယ်၊ အန်တီလေးတို့လို လူကြီးတွေစီစဉ်တော့ ကိုယ့်ဘဝအတွက် စိတ်ချရတာပေါ့"

ဒီတစ်ခါတော့ သူ မထောက်ခံနိုင်တော့။ မြွားဦးက နေရင်းထိုင်ရင်း ကိုယ့်ဘက်လှည့်လာသည်ကိုး။ နောက်ဆုံးကတော့ ဒီဘူတာမှာသာ ပြန်ဆိုက်နေသည်မို့ စောစောက အောင့်အီးထားရသောရယ်ချင်စိတ်များပင် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားရသည်။

"မီးမီးကလေ ယောကျ်ားမပီသတဲ့လူတွေကို အရမ်းမုန်းတာပဲသိလား၊ ကိုအာကာတို့လို ယောကျ်ားပီသပြီး ရုပ်ဖြောင့်တဲ့လူနဲ့ မတိုးဘဲ ယောကျ်ားမပီသတဲ့ ပျော့စိပျော့ဖတ်တွေနဲ့သာ ကြုံရလို့ကတော့ စကားတောင်ပြောချင်မှာ မဟုတ်ဘူး၊ မီးမီးကလေ ဘဝမှာ အဲဒီလို ယောကျ်ားတန်မဲ့ နွဲ့နေတဲ့လူတွေကိုဆို ခင်ကြည့်လို့ကိုမရတာ၊ ချစ်ကြည့်ဖို့ဆို အဝေးကြီး"

ခြေဟန်လက်ဟန်ဖြင့် ဆိုနေသော မီးမီး၏စကားအဆုံးမှာ အိမ်ရှေ့မှ ကြားရသော ကားသံကြောင့် သူ တော်တော်ကြီး ပေါ့သွား

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"ဟော. . . အန်တီလေးတို့ ပြန်လာပြီ"

သူ ဝမ်းသာအားရပင် ဆိုဖြစ်သည်။

"ပြန်လာခါနီးမှ ကိစ္စတစ်ခုပေါ်လာလို့ မီးမီးလေးရေ၊ စောင့်ရတာကြာပြီလား၊ အားနာလိုက်တာ"

ဝင်ဝင်လာချင်းဆိုသော အန်တီလေး၏စကားကြောင့် ပစ်မလွဲကြီးက ဆတ်ခနဲ နှုတ်ခမ်းကိုစူသည်။

"အန်တီလေးနော်၊ သူစိမ်းဆန်တဲ့စကားတွေ အရမ်းပြောတာပဲ၊ တခြားလူလည်းမဟုတ်ဘဲနဲ့ အားနာတယ်ဆိုတဲ့စကား ပြောစရာလား"

"sorry ပါ မီးမီးလေးရယ်၊ အန်တီလေးက ဘာရယ်မဟုတ်ဘူး ပြောမိသွားတာ၊ sorry...sorry"

တစ်ယောက်ကိုတစ်ယောက် ဆိုနေသော အန်တီလေးနှင့် ပစ်မလွဲကြီးတို့၏ စကားကြောင့် သူ အာရုံတွေနောက်ကာလာသည်။

"ကဲ ကဲ ပစ္စည်းဒီဇိုင်းအသစ်တွေ ရောက်တယ်ဆို၊ အန်တီလေးကို ပြလိုက်ဦးလေ၊ အန်တီလေး ဒီတစ်ခါ အန်တီလေး အိမ်စောင့်တဲ့အလှည့်နော်၊ သား အပြင်ခဏသွားလိုက်ဦးမယ်"

အသာလစ်ထွက်ရန်ကြံသော သူ့ကို အန်တီလေးက

"ဟဲ့. . . ဟဲ့ ဒါကဘယ်သွားမလို့တုန်း"

ဟု လှမ်းအော်သည်။

"ဟိုတစ်နေ့က ဆိုင်ကယ်တိုက်မိထားတဲ့ ဘော်ဒီနှစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ကို ဆေးရှိသွားကြည့်မလို့ အန်တီလေးရေ”

လှည့်မကြည့်ဘဲ သူအော်ခဲ့သော စကားကို ကြားလိုက်ကတော့ သော်ဇင်တို့နှစ်ကောင် သူ့ကို အသေသတ်မှာ သေချာသည်။

ဘာရယ်တော့မဟုတ်။ အိမ်အပြင်သို့ရောက်သောအခါ သူ့စိတ်တွေ အလိုလိုနေရင်း လန်းဆန်းကာ သွားခဲ့သည်ကတော့ အမှန်ပဲဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၇

“ငါတို့ ဘယ်တော့ ဆေးရုံကဆင်းရမလဲဟင်”

ဆိုင်ကယ်တိုက်မိသော ဘော်ဒါများကို ဆေးရုံသွားကြည့်ရဦးမည်ဟု ဖြိုးကာ လှည့်ထွက်လာခဲ့ကြောင်း ဆိုသည့် သူ့စကားအဆုံးမှာ သော်ဇင်က ခပ်ရွှတ်ရွှတ်ဖြင့်ဆိုသည်မို့ သူ ဟက်ခနဲရယ်ဖြစ်သည်။

“ဆင်းရခါနီးပါပြီကွာ”ဟု

အရယ်တစ်ဝက်ဖြင့်ဆိုသော သူ့စကားအဆုံးမှာ ဝေဖြိုးအောင်က

“ဩော်. . . ဆင်းရခါနီးပြီလား၊ ကျေးဇူးပဲနော် အစ်ကို”

ဟု ရွဲ့ဆိုဆိုသည်မို့ သူရယ်ဖြစ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်နဲ့တွေ့မှပဲ အကောင်းကြီးကနေ ဆိုင်ကယ် အက်ဆီးဒင့်ဖြစ်ရ၊ ဆေးရုံတက်ရနဲ့ ရစရာကိုမရှိဘူး"

"ယတြာချေပြီးသား ဖြစ်တာပေါ့ကွ"

သော်ဇင်၏စကားကို သူဖြတ်၍ဆိုဖြစ်သည်။

"ယတြာချေပြီးသား ဖြစ်မဖြစ်တော့မပြောတတ်ဘူး၊ ဆိုက် ကိုဝင်သွားတာတော့ သေချာတယ်၊ ဆိုင်ကယ်ပဲစီးစီး ကားပဲမောင်း မောင်း လိပ်ပြာက သိပ်မသန့်ချင်ဘူး၊ ဘရိတ်အုပ်သံ ကျွီခနဲကြားရင် တောင် ဟိုကနာသလိုလို ဒီကကျင်သလိုလိုကြီး ဖြစ်လာတယ်၊ အဲဒါ မင်းကြောင့်"

ဝေဖြိုးအောင်က သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးရင်း ဆိုသည်။

"စကားနောက်တရားပါ ဆိုတာ မကြားဖူးဘူးလား၊ ငါတို့ နှစ်ကောင် တစ်ခုခုဖြစ်လို့ကတော့ မင်းနာပြီသာမှတ်"

သော်ဇင်က လက်ဆစ်တဖြောင်းဖြောင်းချိုးရင်းက ကြိမ်းဝါး သည်။

"ဒါနဲ့ မင်း အဲဒီပစ်မလွဲကြီးနဲ့ကိစ္စ ဘယ်လိုရှင်းမလဲ"

သော်ဇင်၏စကားကြောင့် 'ဘာကိုဘယ်လိုရှင်းရမှာလဲ'ဟု သူ အူကြောင်ကြောင်နှင့်ပင် ပြန်မေးဖြစ်သည်။

"အကယ်၍ မင်းရဲ့အန်တီကလည်း ဒီထက်ပိုကြပ်လာမယ်၊ ဟိုကလည်း တိုက်ဆိုင်လို့ပဲဖြစ်ဖြစ် ချောင်းပေါက်လောက်အောင် လာနေရင် ဘယ်လိုလုပ်မလဲလို့မေးတာ"

www.burmeseclassic.com

ဝိ : မို : ဓာ ၇ ၆ ပ

www.burmeseclassic.com



"မီးစင်ကြည့်ကရမ္မာပေါ့ကွာ"ဟု သက်ပြင်းချကာ သူဖြေဖြစ်သည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မင်္ဂလာဆောင်နှစ်ခုက တစ်ရက်ထဲ တစ်ချိန်ထဲ ဖြစ်နေတယ်၊ ဒီတော့ တောင်ကြီးဟိုတယ်က မင်္ဂလာဆောင်ကို သား သွားလိုက်နော်၊ လက်ဖွဲ့က အန်တီလေး စီစဉ်ထားပြီးသား"

"ဩော်. . . ဦးမျိုးနိုင်ရဲ့သမီး မင်္ဂလာဆောင်လား"

"အေး. . . ဟုတ်တယ်ဟုတ်၊ သားနဲ့ ဦးမျိုးနိုင်ရဲ့ သမီးနဲ့ လည်း ခင်နေတာပဲ၊ သား အဲဒီမင်္ဂလာဆောင်ကို သွားရတာ မကြောင် ပါဘူး၊ သွားမယ်မဟုတ်လား"

"ရပါတယ်၊ တစ်ယောက်တည်းသွားရမှာ ကြောင်တယ်ဆို ပေမယ့်လည်း သွားရတော့မှာပေါ့"

သူ့စကားအဆုံးမှာ အန်တီလေးက

"တစ်ယောက်တည်းသွားရမှာ ပျင်းလို့လား"ဟု အမေးရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပျင်းတော့မပျင်းပါဘူး၊ ဒါပေမယ့် စကားပြောဖော်မရှိတော့ ကြောင်တာပေါ့၊ ဒါနဲ့ မင်္ဂလာဆောင်က ဘယ်နှနာရီလဲ"

"ကိုးနာရီလေ၊ ကဲ ကဲ သား ရေချိုးတော့"

"ဟုတ်"

လက်မှနာရီကို လှမ်းကြည့်ရင်း အန်တီလေးကို ခေါင်းညိတ်ပြဖြစ်သည်။ အခန်းထဲသွားရေမိုးချိုးပြီး အဝတ်အစားလဲမှာနှင့်ဆိုဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်တော့ ကြာမည်ထင်သည်။

"သားရေ ဟိုတစ်နေ့က ဝယ်ထားပေးတဲ့ လက်စွပ်လေးဝတ်သွားဦးနော်"ဟူသော အန်တီလေး၏ မှာသံက နောက်မှတပ်ပါလာသည်။

"အာ. . . ရှက်စရာကြီး၊ မဝတ်ချင်ပါဘူး"

လှည့်မကြည့်ဘဲ ပြန်အော်သော သူ့စကားအဆုံးမှာ အန်တီလေးက

"ဝတ်ဖြစ်အောင်ဝတ်သွား၊ ဝတ်ဖို့ဝယ်ပေးတာ၊ သိမ်းထားဖို့မဟုတ်ဘူး၊ အန်တီပြောတာကြားလား"ဟု နောက်မှလိုက်၍အော်သည်။

ဝတ်မည်ဟု မဆိုမချင်း ရစ်နေမည့် အန်တီလေး၏အကြောင်းကို သိသည်မို့ 'ဟုတ်ကဲ့'ဟု သူ စိတ်မပါတပါဖြင့် အာခေါင်ခြစ်ကာ ပြန်၍ဆိုဖြစ်သည်။ ဘာရယ်တော့မဟုတ် ပစ်မလှဲခြင်းတိုဖျတ်ခနဲတော့ သတိရလိုက်သေးသည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



# ၁

နိုးကြည့်နေတယ်များ ထင်သွား
မလား'ဟု စိတ်မသက်မသာဖြင့်
တွေးရင်း အမှတ်တမဲ့ ကြည့်လိုက်စဉ်
မှာပင် ရှက်တိုးရှက်ကန်းကြီး ဖြစ်နေ
သော ပစ်မလှဲကြီးကို မြင်ရသည့်ကော
'သေပြီဟ'ဟု

ရေချိုးအဝတ်အစားလဲပြီး အခန်းထဲက ထွက်ခါနီးမှ လက်စွပ်ဝတ်ရန်ကို သတိရသည်။ ဝတ်ဟုခိုင်းထားသော လက်စွပ်ကို မဝတ်ပါက အန်တီလေး၏ ပွစိပွစိလုပ်မှုကို ခံရမည်စိုးသည်မို့ ဝယ်က တည်းက ပစ်ထားသော လက်စွပ်ကို ပြန်ရှာဖြစ်သည်။ လက်စွပ်က တော်တော်နှင့်ကို ရှာမတွေ့။

နောက်ဆုံးတော့ အဝတ်ဗီရို၏ အလယ်အံဆွဲမှာ ရှာတွေ့သည်မို့ ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ဆင်ဖြစ်သည်။

'နာရီလေးတောင် ပတ်မလာဘူး'ဟု အပြောခံနေမည်စိုးသည်မို့ တစ်လက်စတည်း နာရီတစ်လုံးပါ ယူပတ်ဖြစ်သည်။

အားလုံးပြီးစီးပြီမို့ အောက်ထပ်ဆင်းလာသော သူ့ခြေလှမ်း

www.burmeseclassic.com

www.burmeseclassic.com



တို့က (အောက်ထပ်ရှိ ညှိခန်းမှ ကြားရသောအသံတို့ကြောင့်) အလို လိုရပ်တန့်ကာသွားသည်။

"မနေ့ညက အန်တီလေးဖုန်းဆက်တာ အတော်ပဲဖြစ်သွား တယ်၊ မီးမီးလည်းလေ တစ်ယောက်တည်း မင်္ဂလာဆောင်သွားရမှာ ကို ပျင်းနေတာ၊ ကိုအာကာနဲ့ အတူသွားရမှာဆိုတော့ မကြောင်တော့ ဘူးပေါ့"

"အေးလေ. . . မင်္ဂလာဆောင်သွားရင် စကားပြောဖော် လေးတော့ရှိမှ၊ သိတယ်မဟုတ်လား အာကာကလေ ကြိုပြောလို့မရ ဘူး၊ ကြုံဖန်ပြီး ရှောင်ထွက်မှာစိုးလို့၊ သူက အလှူတွေ၊ မင်္ဂလာဆောင် တွေ သိပ်သွားချင်တာမဟုတ်ဘူး မီးမီးရဲ့၊ အဲဒါကြောင့် ဒီနေ့မနက် ခင်း အချိန်ကပ်တော့မှ ပြောထားရတာ"

'ဒီတစ်ခါတော့ ခံလိုက်ရပြီ'ဟု တွေးရင်း သူ အီလည်လည် ကြီး ခံစားလိုက်ရသည်။ ဖြစ်နိုင်လျှင် လှေကားပေါ်ကနေတောင် ခုန်ချပစ်ချင်စိတ် ပေါက်သွားမိသည်။

ဒီအတိုင်းသာဆို မီးမီးလေး၏ကားကို မလွဲမသွေ သူမောင်း ရတော့မည်။ ပြီး မင်္ဂလာဆောင်မှာ တစ်ခုံတည်းအတူထိုင်၊ အတူစား၊ အတူသွား၊ အတူပြန်။

"ဒေါ်လေးရေ ဒေါ်လေးအကွက်တွေ သားသိတယ်နော်" ဟု စိတ်ထဲမှ မကျေမချမ်းရေရွတ်ရင်း အောက်ထပ်ကို မဆင်းချင် ဆင်းချင်ဖြင့် ဆင်းခဲ့ဖြစ်သည်။ အခြေအနေက ငြင်းဆန်၍မရသော အနေအထားကို ရောက်ရှိနေပြီမို့ မသွားလို့လည်း ရတော့မည်



www.burmeseclassic.com

www.burmeseclassic.com



မပဟုတ်။

တောင်ကြီးဟိုတယ်မှ မင်္ဂလာဆောင်ကို မီးမီးနှင့် အန်တီလေးတို့ကို အတူသွားခိုင်းပြန်လျှင်လည်း အန်တီလေးက တစ်ဖက်က မင်္ဂလာဆောင်က မသွားမကောင်းသော အင်မတန်ရင်းနှီးသူမို့ ဘာညာသာရကာဖြင့် ဖြေရှင်းချက်ပေးမည်ကိုလည်း သူကြိုတွက်မိပြီးဖြစ်သည်။

အန်တီလေးဘက်က ကြိုတင်အကွက်ချစီစဉ်ထားသည်မို့ သူ့ဘက်က မလှုပ်သာသော အခြေအနေ ဖြစ်ကာနေသည်။

"ဟော. . . သားတောင်ဆင်းလာပြီ၊ ဒီမှာလေ မီးမီးကို သားနဲ့ မင်္ဂလာဆောင်အတူသွားဖို့ ခေါ်ထားတယ်၊ နှစ်ယောက်အတူသွားတော့ စကားပြောဖော်ရပြီး မငြောင်တော့ဘူးပေါ့သားရယ်"

"ဒါပေါ့ အန်တီလေးရ"

သူ ခပ်ရွှတ်ရွှတ်ပင် ထောက်ခံပစ်လိုက်သည်။

"မီးမီးရေ. . . သူကလည်း စောစောက တစ်ယောက်တည်းသွားရမှာ ငြောင်တောင်တောင်ကြီးလို့ ပြောနေသေးတာ၊ အိမ်ကတားကလည်း အန်တီတို့က ဟိုဘက်မင်္ဂလာဆောင်သွားမှာ၊ နောက်ဆိုင်ကယ်နှစ်စီးစလုံးကလည်း စောစောကပဲ မစံနဲ့ မင်းဦးလေးတပည့် ကိုသိန်းတို့နှစ်ယောက်ကို ကိစ္စရှိလို့ခိုင်းလိုက်တာ ကြာဦးမယ်ဆိုတော့"

"မီးမီးလေးကားနဲ့ပဲ သားတို့နှစ်ယောက် အတူသွားဖို့ အဆင်ပြေနေတာပဲ အန်တီလေးရ"

www.burmeseclassic.com

www.burmeseclassic.com



အန်တီလေး၏ စကားမဆုံးခင်မှာ သူတမင်ပဲပြောဖြစ်သည်။ နောက်ဆုံးကျတော့လည်း ကားတစ်စီးထဲ အတူသွားရမည့် ဘူတာကို ပဲ ဆိုက်လာမည်ကို သူကြိုသိပြီးဖြစ်နေသည်ကိုး။ မီးမီးလေးကတော့ တစ်ချိန်လုံး သူ့ကို အထက်အောက်ကြည့်သည်။

“ကိုအာကာ ပုဆိုးဝတ်တာမမြင်ဖူးလို့လားမသိဘူး အရမ်း ကြည့်လို့ကောင်းတာပဲ၊ စတစ်ကော်လံ လည်ဂတုံးလေးနဲ့ဆိုတော့ ကလေးလေးကျနေတာပဲ”

“ဘယ်လိုလဲ အန်တီ့တူက ခန့်ချောကြီးမဟုတ်လား”

“ဒါပေါ့”

နှစ်ယောက်သား အတိုင်အဖောက်ညီနေသည်ကို ကြည့်ရင်း သူ စိတ်လေလာသည်။ တစ်ဖက်မှ မင်္ဂလာဆောင်ကို သွားမည်ဆို သော အန်တီလေးက အခုထိ ဘာမှပင် မပြင်ဆင်သေး။ သူ ဟက်ခနဲ စိတ်ထဲမှ ရယ်ဖြစ်သည်။

“ဟိုဘက်မင်္ဂလာဆောင်က တစ်ချိန်တည်း တစ်ပြိုင်တည်း ဆို၊ အခုထိလည်း အန်တီလေးက ဘာမှလည်း မပြင်ရသေးပါလား”

“အင်း. . . ဟိုဒင်း သားရဲ့အန်တီက လှပြီးသားမဟုတ်လား၊ ဒီတော့ ပြင်တာမြန်တယ်၊ ကဲ ရှော့ရှော့ လက်ဖွဲ့၊ သွားတော့၊ သွား တော့၊ နောက်ကျနေရင်မကောင်းဘူး၊ အန်တီလေးလည်း ခပ်သွက် သွက်ပြင်ပြီး ပြေးလိုက်ဦးမယ်”

အန်တီလေးက သူ့လက်ထဲကို လက်ဖွဲ့ထုပ် ထည့်ပေးရင်း ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၆၆)

"ရော့. . . ကိုအာကာ ကားသော့"

မီးမီးလေးခေါ် ပစ်မလွဲကြီးက သူ့ကို ကားသော့လှမ်းပေးသည်။ ကားသော့ကို လှမ်းအယူ သူ့ဘယ်ဘက်လက်မှာ စွပ်ထားသော လက်စွပ်ကိုကြည့်ရင်း သူမက 'လက်စွပ်က ကိုအာကာလက်နဲ့ အရမ်းလိုက်တာပဲ'ဟု ကပ်၍ဆိုသည်။ 'ဟုတ်လား'ဟု သူ အားနာပါးနာ ပြန်၍ဆိုဖြစ်သည်။

"မင်္ဂလာဆောင်ကအပြန်ကြမှ ဆုံမယ်နော် မီးမီး"

ကားပေါ်တက်နေသော မီးမီးကို အန်တီလေးက နောက်မှ လိုက်၍အော်သည်။

"ဟုတ်. . . အန်တီလေး၊ ဟုတ်"

ခန္ဓာကိုယ်ကြီးမှ အားမနာ နွဲ့နေသော ပစ်မလွဲကြီးကို သူ စိတ်မသက်မသာဖြင့် လှမ်းကြည့်ဖြစ်သည်။ ထိုစဉ်မှာပင် ပစ်မလွဲကြီးကလည်း သူ့ကို ဖျတ်ခနဲလှည့်အကြည့် နှစ်ယောက်သား အကြည့်ချင်းဆုံကြသည်။

'ခိုးကြည့်နေတယ်များ ထင်သွားမလား'ဟု စိတ်မသက်မသာဖြင့် တွေးရင်း အမှတ်တမဲ့ ကြည့်လိုက်စဉ်မှာပင် ရှက်ကိုးရှက်ကန်းကြီး ဖြစ်နေသော ပစ်မလွဲကြီးကို မြင်ရသည့်ခဏ 'သေပြီဟ'ဟု တားမောင်းနေရင်းက တွေးဖြစ်သည်။

"ကိုအာကာကို ပြောပြရဦးမယ်"

"ဟုတ်ကဲ့"

ကားမောင်းရင်းက လှည့်မကြည့်ဘဲ ဟုတ်ကဲ့ဖြစ်သည်။

www.burmeseclassic.com

ဝ း မိုး း ၅ ၁ ၆ ပ

www.burmeseclassic.com



"မတော်နဲ့တဆပေါ့နော်. . . မီးမီးရဲ့သူငယ်ချင်းတွေနဲ့ တွေ့ရင် မိတ်ဆက်ပေးမယ်သိလား၊ ကြိုပြောပြရရင် သူတို့က အရမ်း အစအနောက်သန်တော့လေ မသိတဲ့လူဆိုရင် ချွတ်တယ်ထင်မှာစိုးလို့ ဒါပေမယ့် သူတို့က အရမ်းခင်ဖို့ကောင်းတာ၊ ကိုအာကာ သူတို့နဲ့တွေ့ ရင် ရယ်ရလွန်းလို့ ပါးစပ်တောင် နားရွက်တက်ချိတ်သွားနိုင်တယ် သိလား"

"ဩြော်. . . ဟုတ်လား"

'သေချာပေါက် ဟိုမှာစောင့်နေလောက်ပြီ'ဟု သူတွက်မိ လိုက်သည်။ ဒီနေ့အဖို့ကတော့ သူတို့ဆင်သမျှ အကွက်မှာ မသက် မသာ ဝင်ကရုံသာ ရှိတော့သည်မို့ သူ သက်ပြင်းကိုသာ ခပ်ကြမ်း ကြမ်း ချဖြစ်တော့သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



A house may hold a hundred men, but the heart of a woman has only room for one of them.

အိမ်တစ်လုံးတွင် ယောကျ်ားအယောက်တစ်ရာကို ဆန့်လျှင်ဆန့်မည်။ သို့သော် မိန်းမတစ်ယောက်၏ တစ်ခုတည်းသော နှလုံးသားအခန်းသည် ယောကျ်ားတစ်ယောက်စာသာ ရှိသည်။

Egyptian Proverb

×××××

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆၉

“

မီးမီး ခေါ် ပစ်မလွဲကြီးက
ဘာကြီးနဲ့ပဲ ဘယ်လိုပစ်ပစ်
မလွဲစေကန် ထိမှန်နိုင်သော
သူ့မဏ်ခနှာကိုယ်ကြီးကို
ခုန်ကာခုန်ကာဖြင့် ဝမ်းသာ
အားရ ဆိုသည်၊

တောင်ကြီးဟိုတယ်သို့ မောင်းဝင်သွားပြီး အဆင်ပြေသည့်နေရာတွင် ကားပါကင်ထိုးကာ ပစ်မလွဲကြီးနှင့်နှစ်ယောက် တူယှဉ်ကာ မင်္ဂလာခန်းမထဲသို့ အဝင်မှာပင် မျက်လုံးများက သူတို့နှစ်ယောက်ဆီသို့ ရောက်လာကြသည်။

“ဟိုတစ်ယောက်က Top စိန်ဆိုင်ပိုင်ရှင်သမီး မဟုတ်လား၊ ကြည့်ရတာ ဘေးက ရုပ်ဖြောင့်ဖြောင့်နဲ့ချာတိတ်က လိုက်ကပ်နေတယ်ထင်တယ်”

“ကပ်ပြီပေါ့ မမရယ်၊ ဟိုက အရမ်းချမ်းသာတာမဟုတ်လား”

“ကောင်လေးကလည်း သူ့ရုပ်သူ့ရည်နဲ့ ပိုင်းလုံးလို့တောင် မထင်ရဘူးနော်”

www.burmeseclassic.com

www.burmeseclassic.com



တန်းစီကာရပ်နေသော အမျိုးသမီးသုံးဦးထံမှ Non stop ထွက်လာသော စကားများကြောင့် သူ တိုင်နှင့်ခေါင်းနှင့် ပြေးဆောင့်ချင်စိတ် ပေါက်သွားရသည်။ ပစ်မလွဲကြီးကို လှမ်းကြည့်တော့ ဆရာမကြီးက သူ့ဘော်ဘော်များကို ရှာနေဟန်ဖြင့် ဟိုကြည့် ဒီမျှော် လုပ်ကာနေသည်။ အမျိုးသမီးသုံးယောက်ပြောသံကို ကြားဟန်မတူ။

"ကိုအာကာ ခဏလေးနော်၊ မီးမီးဘော်ဘော်တွေရဲ့ကား မတွေ့လို့ ရှာနေတာ၊ မလာဖြစ်ဘူးလားမသိပါဘူး"

သူ့ကိုလှမ်းပြောသော မီးမီး၏အဆိုကြောင့် သူ နည်းနည်းတော့ ဝမ်းသာသွားရသည်။ လူအသိများနှင့်မဆုံလေ ကောင်းလေ မဟုတ်လား။

စောစောကပဲကြည့်၊ နေရင်းထိုင်ရင်း သူမှာ ယောကျ်ား ရင့်မာကြီးနှင့် ပိုင်းလုံးအဖြစ် ယုန်ထင်ကြောင်ထင် အထင်ခံနေရသည်။

သို့သော် သူ သိပ်ကြာကြာ ဝမ်းမသာလိုက်ရ။

"ဟော. . . လာပြီ၊ လာပြီ၊ ဝင်လာပြီ"

မီးမီး ခေါ် ပစ်မလွဲကြီးက ဘာကြီးနဲ့ပဲ ဘယ်လိုပစ်ပစ် မလွဲကေန် ထိမှန်နိုင်သော သူမ၏ခန္ဓာကိုယ်ကြီးကို ခုန်ကာခုန်ကာ ဖြင့် ဝမ်းသာအားရ ဆိုသည်။ သူမကြည့်ရာ ဟိုတယ်အဝင်ဝကို ကြည့်တော့ လင့်ခရူဆာအနက်ရောင်တစ်စီး ဝင်လာသည်ကို တွေ့ရသည်။

ဝို : မို : ၀ ၁ ၄ ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၇၁

ကားရပ်ပြီးဆင်းလာသောအခါ အရပ်ရှည်ရှည်က တစ်ယောက်၊ ပုကွကွကတစ်ယောက်နှင့် မီးမီးနှင့် သိပ်မကွာသော နောက်ပစ်မလွဲကြီးတစ်ယောက်။ ပေါင်း သုံးယောက်တိတိကို သူ စိတ်မသက်သာစွာပင် မြင်နေရသည်။ သူမတို့သုံးယောက်နှင့် သူ့ဘေးမှ ပစ်မလွဲကြီး မီးမီးတို့ တွေ့ကြသောအခါ တစ်ယောက်ကို တစ်ယောက် အားရဝမ်းသာတွေ လက်ဝှေ့ယမ်းကာ နှုတ်ဆက်နေကြသည်။

"လာ လာအမြန်၊ တို့က ယူတို့ကိုစောင့်နေတာ"

ပစ်မလွဲကြီးက သူ့ဘော်ဘော်သုံးယောက်ကို မျက်စောင်းထိုးကာ ပစ်ချွဲချွဲဆိုသည်။ ပြီး သူ့ဘက်လှည့်ကာ. . .

"လာလေ ကိုအာကာ၊ အထဲဝင်ရအောင်"ဟု ရှက်အမ်း အမ်းအမူအရာဖြင့် ဆိုသည်။

မီးမီးနှင့် သူ့ကိုကြည့်ကာ မီးမီး၏ဘော်ဒါများက စပ်ဖြီးဖြီးကြီးတွေ လုပ်နေကြသည်မို့ သူ နေရာမှာပင် အငွေ့ပျံသွားချင်လောက်အောင် မျက်နှာတွေ ပူနေမိသည်။

"တွေ့လား. . . တွေ့လား၊ ဒီချာတိတ်ကြည့်ရတာ မလွယ်ဘူး၊ ရုပ်ကလေးဖြောင့်သလောက် မြို့မျက်နှာဖုံးသမီးတွေ အကုန်လုံးကို အီပြီး ချူစား"

နောက်မှ ရေရွတ်နေသော အမျိုးသမီးကြီးက ဆတ်ခနဲ လှည့်ကြည့်သော သူ့အကြည့်ကြောင့် စကားတို့ တစ်ဝက်တပျက်နှင့် ရပ်တန့်ကာ သွားသည်။ ပြီး သူမဟုတ်သလိုပင် မိုးပေါ်ကကော် ကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်သလိုလို မြေပြင်က အခင်းကြွေပြားကိုပဲ ကြည့်သလိုလိုလုပ်ကာနေသည်။

ရှေ့ကအုပ်စုကတော့ ဘာမှမကြားဘဲ သူတို့အသံနှင့်သူတို့ ဆူညံစွာ ရယ်မောကြရင်း ရှေ့မှနေ ဝင်သွားကြသည်။

သူ ဒေါ်သကိုချုပ်တီးရင်း အံကိုကြိတ်ကာ မင်္ဂလာခန်းမထဲ ဝင်ခဲ့ဖြစ်သည်။ ပြုံးပြကာ ကြိုနေသော ဧည့်ကြိုများကို ပြန်ပြုံးပြမိသလား၊ မဲ့ပြမိသလားပင် သူကိုယ်သူ မသိတော့။

×××××

www.burmeseclassic.com

www.burmeseclassic.com

## ချိုးဆော် ၁၃

ဒါဆိုရင် ငါကလည်း သတို့သမီး
ကြွားရင် ထရိုက်မဲ့စကားပုံ
တစ်ခု ပြောပြဦးမယ်၊ ဒါပေမယ့်
အဲဒီစကားပုံကတျ ငါတို့တို
လည်း ထိခိုက်တယ်ဟဲ့။

ညှိသည်များကို နေရာချပေးသော ညှိကြိုက တစ်ဝိုင်းတည်းသာလွတ်တော့သော ဝိုင်းမှာ နေရာချပေးသည်။

တောင်ကြီးမှ မင်္ဂလာဆောင်မှာ ရန်ကုန်မှ မင်္ဂလာဆောင်များလိုမဟုတ်။ အချိန်က အနည်းဆုံး သုံးနာရီလောက် ယူထားသည်မို့ ယင်းအချိန်အတွင်းမှာ မင်္ဂလာဆောင်သို့ လာသူကလာပြန်သူကပြန်၊ စားသူကစားဖြင့် သူ့အချိန်နှင့်သူ လည်ပတ်နေသည်ပဲ ဖြစ်သည်။ အခုလည်း မင်္ဂလာခန်းမထဲမှ ထွက်လာသူနှစ်ဦးက သူ့ဆီဦးတည်ကာ လာနေသည်မို့ သေသေချာချာကြည့်လိုက်တော့ သတို့သမီး၏အဖေဖြစ်သူ ဦးမျိုးနိုင်နှင့် ဇနီး။

"ကိုအာကာ တစ်ယောက်တည်းပါလား၊ သားရဲ့ဦးလေးနဲ့ အန်တီတို့ မပါကြဘူးလား"

www.burmeseclassic.com

## (၇၄) မြန်မာ့ဆိုက်

ဦးမျိုးနိုင်၏အမေးကြောင့် မင်္ဂလာဆောင်နှစ်ခု တိုက်နေ၍ လူခွဲကာသွားရသည့်အကြောင်း ရှင်းပြဖြစ်သည်။

ဦးမျိုးနိုင်၏ဇနီးကတော့ မီးမီးတို့အုပ်စုကို နှုတ်ဆက် သည်။

"စိန်ပွဲစားကြီး ဘယ်တော့စားရမှာလဲ၊ ကျန်တဲ့အပျိုကြီးတွေရော စားရဖို့နီးပြီလား"

ဦးမျိုးနိုင်၏ဇနီး နှုတ်ဆက်မှုအဆုံးမှာ ပစ်မလွဲကြီးက မဆိမဆိုင် သူ့ကို ရှက်ကိုးရှက်ကန်းဖြင့် လှမ်းကြည့်သည်။ ပြီး 'လိုပါသေးတယ် အန်တီရဲ့'ဟု ရှက်ဝဲဝဲစတိုင်လ်ဖြင့် ဆိုသည်။ ဘာရယ်မဟုတ် သူ့ရင်ထဲမှာ နင်ခနဲဖြစ်သွားသည်။

"အရင်ကနဲ့စာရင်တော့ နီးလာပြီပေါ့ အန်တီရယ်"

သူမ၏ဘော်ဘော်များထဲမှ ပုကွကွနှင့်တစ်ယောက်က သူ့ကိုမျက်စလှမ်းပစ်ပြရင်းက မချိုမချဉ်ဖြင့်ဆိုသည်။ ဖျန်းခနဲ ပူသွားသောကိုယ့်မျက်နှာကို မျက်နှာပူလွန်း၍ ဘယ်သွားထားရ မည်မသိ။

သူတို့အားလုံးကတော့ ကမ္ဘာကျော် ဟာသပြက်လုံးတစ်ခုကို ကြားရသလိုမျိုး တဟီးဟီး တခွီးခွီး ရယ်နေကြသည်။

"ဟကောင် အာကာ ပျောက်နေပါလားကွ"

သတို့သမီး အဖေနှင့်အမေ ထွက်သွားချိန် နောက်မှနေသူ့ပခုံးကိုပုတ်ကာ လာနှုတ်ဆက်သူကို လှည့်ကြည့်တော့ တက္ကသိုလ်တုန်းက မေဂျာတူ သူငယ်ချင်းတစ်ယောက်။

"ဩော်. . . အေး သူငယ်ချင်း၊ ပျောက်ဆို အပြင်သိပ်မထွက်ဖြစ်ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



သူပြုံးပြရင်း ပြန်၍ဆိုဖြစ်သည်။ သူငယ်ချင်းက သူ့နားနား တပ်ရင်း. . .

"ငါက မင်းကို မချောလေးယောက်ကြားမှာ ပျောက်နေတာ ကိုပြောတာ"ဟု ခပ်တိုးတိုးဆိုသည်မို့ သူရယ်၍သာနေဖြစ်သည်။

"ကဲ. . . သွားပြီ အာကာ"

"အေး. . . သူငယ်ချင်း နောက်မှတွေ့မယ်"

ပြုံး၍ ပြန်နှုတ်ဆက်နေရသော်လည်း စိတ်ထဲကတော့ သကောင့်သားကို အမှန့်ကြိတ်ပစ်ချင်နေသည်။ ဘယ့်နှယ် လူကို မချောလေးယောက် ကိုယ်တစ်ယောက်တွေ့ လာလုပ်ကာနေသည်။ အလိုလိုကမှ သေချင်စိတ်ပေါက်နေရသည့်ကြားထဲ။

"မီးမီး"

"ဘာလဲ"

ပစ်မလွဲကြီး၏ ဘော်ဒါများထဲမှ ပိန်ရှည်ရှည်တစ်ယောက် အခေါ်ကို မီးမီးက ဘာလဲဟု ရှက်ကိုးရှက်ကန်းယာန်ဖြင့် ထူးသည်။

"မိတ်ဆက်ပေးဦးလေ"

ပိန်ရှည်ရှည်က သူ့ကို မျက်စပစ်ရင်းဆိုသည်။ ပိန်ရှည်ရှည် ၏ဘေးမှ မီးမီးကဲ့သို့သော ပစ်မလွဲကြီးက မီးမီးကို လက်ညှိုးထိုးရင်း စကားကိုစသည်။

"သူငယ်ချင်း လျှို့ထားဖို့စိတ်မကူးနဲ့နော်၊ ယူနဲ့တို့က ဘဝတူ၊ ဝတာချင်းလည်းတူတယ်၊ လှတာချင်းလည်းတူတယ်၊ ငယ်ငယ်လေး ကတည်းက စိတ်တူကိုယ်တူနဲ့ မုန့်ရှိရင်လည်း တစ်ယောက်တစ်ဝက်

www.burmeseclassic.com

www.burmeseclassic.com



စေစားခဲ့ကြတာနော်"

အရေးထဲ ကြော်ငြာကပ်ဝင်နေသော ပစ်မလွဲကြီး၏စကားက ကျောချမ်းစရာတော့ကောင်းသည်။ ယင်းပစ်မလွဲကြီးက သူ့ကို မျက်စပစ်ပြရင်း စကားကိုဆက်သည်။

"စားစရာရှိရင်လည်း အတူစား၊ သွားစရာရှိရင်လည်း အတူသွားခဲ့ကြတာပဲ၊ ခင်စရာရှိရင်လည်း အတူခင်ကြတာပေါ့"

နောက်ဆက်တွဲစကားကြောင့် တော်သေးတာပေါ့ဟု သက်ပြင်းကို ချဖြစ်သည်။ မီးမီးက 'မိတ်ဆက်ပေးမှာပါ'ဟု တွန့်တိုနေသောပုံစံဖြင့် ဆောင့်ဆောင့်အောင့်အောင့် ဆိုသည်။

"ကိုအာကာ့ကို မိတ်ဆက်ပေးရဦးမယ်၊ သူက အဆိချပြီး အပီလှနေတဲ့ သိဂ်ီမြ"

မီးမီးက သူမနှင့်ဘဝတူ ပစ်မလွဲကြီးကို လက်ညှိုးထိုးရင်းက မိတ်ဆက်ပေးသည်။ မိတ်ဆက်ပေးရင်း တစ်လက်စထဲ ဘဝတူချင်းကို ကပ်ချွတ်လိုက်သေးသည်။ သူ ဟုတ်ကဲ့ဟုဆိုရင်း ပြုံးပြဖြစ်သည်။

"တို့ကို ဘယ်မှာတွေ့တွေ့ နှုတ်ဆက်လို့ရတယ်နော်၊ OK"

ပစ်မလွဲကြီးက မျက်လွှာကိုချရင်း ဆရာမကြီးအထာဖြင့် ဆိုသည်။

"ဟိုဘက်က သုံးပေတစ်ဂိုက်က မာလာမျိုးတဲ့"

ပုကွကွနှင့်တစ်ယောက်က အနှိပ်ကွပ်ခံရသော်လည်း အမှုမဖြစ်သလို ပြုံးပြသည်မို့ သူပြန်ပြုံးပြဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ခါးတော် ၇၇

"ဟိုဘက်က ကလန်ဂျလားနဲ့ လန်ဘားနာမည်က စန္ဒီညွန့်တဲ့"

ပိန်ရှည်ရှည်တစ်ယောက်က သူ့ကို သွားဖြီးပြသည်မို့ သူပြီးရင်း ခေါင်းပြန်ညိတ်ပြဖြစ်သည်။

"အကုန်လုံးက ပြောမနာဆိုမနာတွေပေါ့"

မီးမီးက မိတ်ဆက်မှု၏အဆုံးသတ်စကားကို ဆိုသည်။

"အားလုံးကိုကြည့်ရတာ ပျော်တတ်ကြတဲ့ပုံပဲ"

မတတ်သာသည့်အဆုံး သူ လောကဝတ်နှင့်အညီ နှုတ်ဆက်စကားဆိုဖြစ်သည်။ ပစ်မလွဲကြီး သိဂီမြက သူ့စကားကို ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ အဲဒီလိုပျော်ပျော်နေလို့ ပေါတောတောတွေ ဖြစ်ပြီး အပျိုကြီးတွေဖြစ်နေကြတာ"

ပုကွကွနှင့်ဘေးက စန္ဒီညွန့်ဆိုသော ပိန်ရှည်ရှည်တစ်ယောက်က နေရင်းထိုင်ရင်းနှင့် ကြော်ငြာဝင်ထိုးသည်။

"အပျိုကြီးဖြစ်နေတာက အပူမရှာချင်လို့ပါနော်၊ တို့တို Propose လုပ်နေတဲ့လူတွေထဲကနေ သန့်သန့်လေးတွေ ရွေးထုတ်ရင်တောင် သုံးလေးယောက်လောက်ကတော့ အသာလေးပဲ"

ပုကွကွနှင့် မာလာမျိုးဆိုသူက မျက်နှာကိုချိရင်းက ဆိုသည်။

"မျက်နှာမများချင်စမ်းပါနဲ့ဟယ်၊ တို့ကတော့ ဟိုအီလျစ် စကားပုံလိုပဲ ကျင့်သုံးတယ်၊ လုံးဝမျက်နှာမများဘူး"

ပစ်မလွဲကြီး မီးမီးက ရှက်အမ်းအမ်းပုံစံဖြင့် သူ့ကိုမခို့တရို့

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ရင်း ဆိုသည်။

"ပြောပါဦး. . . နင် အလွတ်ကျက်ထားတဲ့ စကားပုံကို"

သိင်္ဂီမြက ဘလိုင်းကြီးပင် မီးမီးကို နောက်သည်။

"ဒီလိုဟ. . . အိမ်တစ်လုံးမှာ ယောက်ျားအယောက်တစ်ရာ ဆန့်ချင်ဆန့်မယ်၊ မိန်းမတစ်ယောက်ရဲ့ ရင်ထဲက တစ်ခုတည်းသော နှလုံးသားအခန်းမှာကတော့ ယောက်ျားတစ်ယောက်တည်းအတွက်ပဲ နေရာရှိတယ်တဲ့၊ အဲဒီစကားပုံလိုပဲ တို့ရဲ့နှလုံးသားထဲမှာလည်း တစ်ယောက်တည်းအတွက်ပဲ နေရာရှိတယ်"

မီးမီးလေးက ပြောပြီးပြီးချင်း ခေါင်းကြီးငုံ့ကာ အရှက်သည်း ပြနေသည်မို့ သူ အော်ရယ်ချင်လာသည်။ ဘော်ဒါလိုသာ ပေါင်းရင် တော့ အတော်ပျော်စရာကောင်းမဲ့ အဖွဲ့ဟုလည်း တွေးဖြစ်သည်။

"နင်က အလွတ်ကျက်ထားတာပြောပြတော့ ငါလည်း ငါ အလွတ်ကျက်ထားတဲ့ စကားပုံတစ်ခုကို ပြန်ရွတ်ပြရသေးတာပေါ့"

"ဘာတဲ့လဲ"

"ဒီဘက်ကိုတိုး၊ သတို့သားကြားသွားရင် ငါ့ကိုထရိုက်နေမှာ စိုးလို့"

စန္ဒီညွန့်ကို ကိုယ်ကိုရှေ့သို့ကိုင်းရင်း ခပ်တိုးတိုးဆိုသည်။

"ကဲပါ ပြောမှာသာပြောစမ်းပါ"ဟု မာလာမျိုးက စိတ်မရှည် သလို ရေရွတ်သည်။ မီးမီးလေးကပါ 'အေးလေ'ဟု ဆိုသည်။

"ပိုလန်စကားပုံတစ်ခုရှိတယ်၊ The women cries before the wedding and the man after တဲ့၊ မိန်းကလေးများက လက်မထပ်

www.burmeseclassic.com

www.burmeseclassic.com



ခင်မှာ ငိုယိုကြတယ်တဲ့၊ ယောက်ျားတွေကျတော့ လက်ထပ်ပြီးနောက်ပိုင်းမှာ ငိုယိုကြတယ်တဲ့၊ လက်ထပ်ပြီးမှ မှားမှန်းသိမှာလေ၊ အဟိ”

စန္ဒီညွန့်၏ စကားအဆုံးမှာ သူမတို့လေးယောက်က တခွိခွိ တခွိးခွိးဖြင့် ရယ်ကြသည်။ သူကတော့ ပြုံးရုံသာပြုံးဖြစ်သည်။

“ဒါဆိုရင် ငါကလည်း သတို့သမီးကြားရင် ထရိုက်မဲ့စကားပုံတစ်ခု ပြောပြဦးမယ်၊ ဒါပေမယ့် အဲဒီစကားပုံကကျ ငါတို့ကိုလည်း ထိခိုက်တယ်ဟဲ့”

“ဘာတဲ့တုန်း”

“တရုတ်စကားပုံတစ်ခုလေ၊ In books there are women who appear as jewels တဲ့၊ ရတနာတွေလို တန်ဖိုးရှိတဲ့ မိန်းမတွေက စာအုပ်ထဲမှာပဲ ရှိတော့တယ်တဲ့၊ အဟီး ဟီး”

စန္ဒီညွန့်၏ စကားအဆုံးမှာ ကျန်သုံးယောက်က မချိပြုံးလိုက်ပြုံးကြသည်။ ထိုစဉ်မှာပင် သတို့သမီးနှင့် သတို့သား ရောက်လာသည်မို့ အားလုံး သတိဆွဲခိုင်းထားသလို တောင့်တောင့်ကြီးတွေ ဖြစ်သွားကြသည်။

သတို့သမီးက သတို့သားနှင့် သူတို့ဝိုင်းမှလူများကို မိတ်ဆက်ပေးသည်။ သတို့သမီးနှင့် သတို့သားတို့ တခြားဝိုင်းသို့ ကူးသွားသောအခါ သူ မီးမီးကို ‘ကျွန်တော်တို့ ပြန်ကြမလား’ဟု ဆိုဖြစ်သည်။

“အင်း. . . ပြန်လေ၊ ကဲ သူငယ်ချင်းတို့ လက်ဖက်ရည်နဲ့မုန့်ဆက်စားရင်းနဲ့ ကျန်ခဲ့ကြတော့၊ တို့သွားပြီ တာ့တာ”

ပြောရင်းဆိုရင်း ပစ်မလွဲကြီးက ထရပ်သည်။ သူလည်း သူမ

www.burmeseclassic.com

www.burmeseclassic.com



၏သူငယ်ချင်းများကို 'ပြန်ပြီနော်'ဟု နှုတ်ဆက်ဖြစ်သည်။ သိဂီမြ၏ ပြန်လည်ကာဆိုသော စကားကတော့ သူ့ရင်ကို ကျင်ခနဲဖြစ်သွားစေသည်။

သိဂီမြဆိုသောစကားက 'ကျွန်မတို့သူငယ်ချင်းကို စိတ်ချလက်ချထည့်လိုက်မယ်နော်၊ အိမ်တော့ ပြန်ရောက်အောင်ပို့ပေး" ဟူ၍။

×××××

ဝီ : ပို : ၈၇ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com

## ခန်းဆက် ၈၁

အိမ်သို့ပြန်ရောက်ပြီး ရှေ့ဆင့်နောက်ဆင့်ပင် အန်တီလေးတို့ ပြန်ရောက်လာကြသည်။ မီးမီးလေးက ကားပေါ်မှဆင်းကာ အိမ်ရှင်စတိုင်ဖြင့် အန်တီလေးတို့ကို ဆီး၍ကြိုသည်။

"တို့အန်တီလေးက လှလိုက်တာ"

"ဒါတောင် ကမန်းကတန်းပြင်သွားရတာ၊ မီးမီးလည်း လှပါတယ်နော်"

"အန်တီလေး ဘာစားမလဲပြော"

အတိုင်အဖောက်ညီညီဖြင့် အိမ်ထဲဝင်သွားကြသော အန်တီလေးတို့နှစ်ယောက်ကို မျက်စပစ်ပြရင်း ဦးလေးက ဟက်ခနဲရယ်သည်။

"ကဲ. . . သား တစ်ရေးအိပ်ဦးမယ်နော် အန်တီလေး"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အေး"

အန်တီလေးကို လှမ်း၍ဆိုရင်း ပစ်မလွဲကြီးကိုပါ ဝတ်ကျေတန်းကြေ ပြုံးပြဖြစ်သည်။ အန်တီလေးက 'အေး အေး'ဟု ဆိုသည်။

အပေါ်ထပ်ရှိ သူ့အခန်းကိုဝင်ကာ ခုတင်ပေါ် ဝုန်းခနဲလှဲကာ အိပ်ဖြစ်သည်။ ဒီအတိုင်းသာဆိုလျှင်တော့ အန်တီလေးကြည့်ရသည်မှာ ပစ်မလွဲကြီးနှင့် သူ့ကို တောက်လျှောက် လှော်တော့မှာ သေချာသည်။ အန်တီလေးကိုတော့ ပြောလို့ရတော့မည်မဟုတ်။ မီးမီးလေးခေါ် ပစ်မလွဲကြီးကိုသာ သူ့အပေါ် စိတ်ကုန်သွားအောင် သူကြိုးစားရလိမ့်မည်။ သော်ဇင်တို့နှစ်ကောင်ကို အကြံဉာဏ်တွေ တောင်းရမည်။

မင်္ဂလာဆောင်မှာ မိတ်ဆက်ပေးသော ပစ်မလွဲကြီး၏ ဘော်ဒါများ၏ ရယ်ချင်ပက်ကျိ အကြည့်များကို ဘာရယ်မဟုတ် ပြန်၍မြင်ယောင်သည်။ ပြီး အမျိုးသမီးကြီးများ၏ ထင်မြင်ချက်စကားများကိုလည်း ပြန်၍ကြားယောင်ရင်း တက်ကို ခပ်ပြင်းပြင်း ခေါက်ဖြစ်သည်။

ဘာတဲ့ ပိုင်လုံးလို့တောင် မထင်ရဘူးဆိုလား၊ ဘာဆိုလား။ သူ တက်ကို ဒုတိယအကြိမ် ခေါက်ဖြစ်သည်။

"တောက်"

xxxx



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"သားရေ"

"ဗျာ"

"ခဏလောက် လာပါဦး"

သတင်းစာကို စားပွဲပေါ်တင်ရင်း လှမ်းခေါ်သော ဦးလေးဆီ သူလာဖြစ်သည်။ အန်တီလေးက ပန်းအိုးထဲမှ ပန်းတို့ကို ဟိုပြင် ဒီပြင်လုပ်နေရာမှ လှမ်းကြည့်သည်။

"မစိန်ချစ်ရော လာထိုင်ဦး"

ဦးလေးက သူ့မိန်းမကိုပါ လှမ်း၍ခေါ်သည်။ အန်တီလေးပါ ဦးလေးဘေးမှာ ဝင်၍ထိုင်သည်။

"ဘာပြောမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

## (၈၄) မြရင့်အောင်

အန်တီလေးက ဦးလေးကို တစ်ချက်ကြည့်ရင်း မေးသည်။

“ဒီလိုကွာ ငါတို့ကို မင်း ဟိုပစ်မလွဲကြီးနဲ့ နီးစပ်အောင်လုပ်နေတာလည်း ကြာလှပြီ၊ မင်းသိတဲ့အတိုင်း ငါ့တူအာကာကလည်း နည်းနည်းလေးမှ သူ့ကို စိတ်ဝင်စားတာလည်းမဟုတ်ဘူး”

“အို. . . ကြာရင်တော့ သံယောဇဉ်ဖြစ်လာမှာပါ၊ မြင်ပါများတော့ ကြင် ဆိုတဲ့စကားလည်းရှိတာပဲ”

“မင်း စွတ်မပြောနဲ့”

ဦးလေးက အန်တီလေးကို ခပ်ထန်ထန်ဆိုသည်။ ပြီး

“ငါ့တူနဲ့ သင့်တော်မယ်ထင်တဲ့ ကောင်မလေးတစ်ယောက်တွေ့ထားတယ်၊ ကောင်မလေးက ချောချောလေး”

“ဘာလဲ ရှင့်ရည်းစားဟောင်းရဲ့သမီး ဆိုတာလား”

“မဟုတ်ပါဘူးကွာ၊ ငါ့သူငယ်ချင်းရဲ့ သမီးပါ”

“ဝတီတိုးဆိုတဲ့ ရည်းစားဟောင်းရဲ့ သမီးတော့ မဟုတ်ပါဘူးနော်”ဟု အန်တီလေးက မျက်စောင်းဖြင့် ဦးလေးကိုကြည့်ရင်း ဆိုသည်။

“မဟုတ်ပါဘူးဆိုကွာ၊ မင်းပြောတဲ့ ကောင်မလေးက ရှေ့တလောကပဲ ယောကျ်ားရသွားပြီ၊ အခုပြောတာက ငါ့သူငယ်ချင်းသမီး၊ အခု ဆေးကျောင်းတက်နေတာ”

ဦးလေး၏ စကားအဆုံးမှာ အန်တီလေးက မျက်နှာကိုမဲ့သည်။

“ဦးလေးကတော့ မင်းရဲ့အန်တီလေးလို စွတ်မလုပ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်မှလှုပ်ရှား၊ ဒါပဲ၊ လုံးဝ လုံးဝ မလျော့ဘူး"

"ပစ်မလွဲကြီးပဲလား"

သူ စိတ်လေလေဖြင့် မေးသောအမေးကို ဦးလေးက ဟက်ခနဲရယ်သည်။

"မင်း အဲဒီကောင်မလေးကို မြင်တာနဲ့ ကိုးဆယ့်ကိုးဒသမ ကိုးကိုးကိုး ရာခိုင်နှုန်း ကြွေသွားစေရမယ်၊ လုံးဝ အပျံစားလေး"

"ဒီတောင်ကြီးကပဲလား"

စိတ်ဝင်စားသလိုလို ရှိလာသည်မို့ သူမေးဖြစ်သည်။ ဒေါ်လေးကတော့ မျက်နှာကိုမဲ့ကာ ပွစိပွစိရွတ်သည်။

"ဒီတောင်ကြီးကပဲ၊ ဒါပေမယ့် ဆေးကျောင်းတက်နေလို့ အခု တောင်ကြီးမှာမရှိဘူး၊ ပြန်လာရင် မိတ်ဆက်ပေးမယ်"

"နည်းနည်းတော့ စိတ်ဝင်စားသွားပြီ"

မေးစေ့ကိုပွတ်ရင်း ဆိုသော သူ့စကားအဆုံးမှာ ဒေါ်လေး က 'အဟမ်း အဟမ်း'ဟု ချောင်းကို လုပ်၍ဆိုးသည်။

"မရှိသေးတာ၊ မမြင်ရသေးတာထက် သေချာတာကိုပဲ အရင်လှုပ်ရှားစမ်းပါ ငါ့တူရယ်၊ အန်တီလေးပြောတာ သေသေချာ ချာမှတ်ထား၊ ငွေဆိုတာ လူတိုင်းရဲ့သည်းခြေကြိုက်ပဲ၊ ဒီတော့ ရွေးချယ်တော့မယ်ဆိုရင် ငွေချမ်းသာတဲ့အပြင် စိတ်နေစိတ်ထားရော မျိုးရိုးရောကောင်းတဲ့ မီးမီးလေးလို ရိုးသားတဲ့လူကိုပဲရွေး သားရေ၊ တစ်သက်တာမမှားဘူး စိတ်ချ"

ဒေါ်လေးကပြောပြီး ဦးလေးဖြစ်သူကို မျက်စောင်းထိုးကာ

www.burmeseclassic.com

www.burmeseclassic.com



ခြေဆောင့်ပြီး စည့်ခန်းထဲမှ ထွက်ကာသွားသည်။

"နာမည်က ဘာတဲ့လဲ ဦးလေး"

"မလောပါနဲ့ကွာ၊ ဖြည်းဖြည်းပေါ့"

သူ့အမေးကိုမဖြေဘဲ ဦးလေးက ဖြည်းဖြည်းပေါ့ဟု ဆိုသည်။

ကိုးဆယ့်ကိုးဒသမ ကိုးကိုးကိုး ရာခိုင်နှုန်း ကြွေသွားစေရမယ်ဆိုသော ဦးလေး၏အဆိုကြောင့် စိတ်ဝင်စားသွားခဲ့သည်ကတော့ အမှန်ပဲဖြစ်သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၈၇

အောင်ပန်းမှာ လက်ဖက်ရည်သောက် ခဏနားသည်မို့ စကားစပြတ်ကာသွားသည်။ တစ်စားပွဲထဲ အတူထိုင်ကြရင်းက သူမ က

"ဒါဖြင့် ဦးလေးမိတ်ဆက်ပေးမယ်ဆိုတဲ့ ကောင်မလေးကို အခုထိ မတွေ့ဖူးသေးဘူးပေါ့"ဟု ဆိုသည်။

"အင်း. . . ဖြူသလား မဲသလားကိုမသိဘူး"

"ဟို. . . ပစ်မလွဲကြီးနဲ့ ဘယ်လိုပြီးသွားလဲ၊ အဲဒီမင်္ဂလာဆောင်သွားပြီးနောက်ပိုင်း တွေ့ဖြစ်ကြသေးလား"

"တွေ့တာပေါ့၊ အန်တီလေးကလည်း နေ့တိုင်းနီးပါးကို အကြောင်းအမျိုးမျိုးပြပြီးခေါ်တာ၊ သူကလည်း အန်တီလေးကခေါ်

www.burmeseclassic.com

www.burmeseclassic.com



တော့ လာတာပေါ့၊ ဒါပေမယ့် နောက်ပိုင်းကျတော့ မလာတော့ဘူး"

"ဘာဖြစ်လို့လဲ"

သူ့စကားအဆုံးမှာ သူမက 'ဘာလို့လဲ'ဟု မေးသည်။

"သော်ဇင်တို့နှစ်ကောင်နဲ့ တိုင်ပင်ပြီးတော့ အစ်ကို့ကို စိတ်ကုန်သွားအောင်လို့ နည်းအမျိုးမျိုးသုံးပြီး လုပ်ရတော့တာပေါ့၊ ဘာပဲပြောပြော တစ်ဖက်က မိန်းကလေးဆိုတော့ ကိုယ့်ဘက်ကနေပြီး သူ့ကို သိက္ခာကျအောင် သွားလုပ်လို့မရဘူးလေ၊ ဒီတော့ ဘော်ဒါ နှစ်ကောင်နဲ့ ဝိုင်းစဉ်းစားပြီးတော့ သူ့အလိုလိုစိတ်ကုန်သွားအောင် လုပ်ခဲ့တယ်"

"ပိုက်ဆံချေးပြီး ပြန်မဆပ်တာမျိုးလား"

"ဘယ်ဟုတ်မလဲ၊ အဲဒါထက်ဆိုးတယ်"

"ဘယ်လိုမျိုးလဲ"

အရယ်တစ်ဝက်ဖြင့်ဆိုသော သူ့စကားကြောင့် သူမက စိတ်ဝင်တစားဖြင့် 'ဘယ်လိုမျိုးလဲ'ဟု အမေးရှိသည်။

"ကားပေါ်ရောက်ရင် ပြောပြမယ်လေ"

ကားဟွန်းတီးနေပြီမို့ နှစ်ယောက်သား ကားပေါ်တက်ခဲ့ကြသည်။ ကားက အောင်ပန်းမှ ကလောဘက်ဆီ မောင်းနှင်ကာနေသည်။

xxxxx



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ကွာ"

အစမရှိ အဆုံးမရှိဖြင့် ဝေဖြိုးအောင်က လက်ဖျစ်တီးရင်း ဆိုသည်။

"ဘယ်လိုလုပ်ရမှာလဲ"

"ဒီလိုကွာ မိန်းကလေးပဲဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ် ကိုယ်မြတ်နိုးတဲ့၊ ကိုယ်ခင်တွယ်တဲ့သူဆိုရင် ကိုယ်ကလွဲပြီး တခြားလူနဲ့ တွဲတာမျိုး၊ ဦးစားပေးတာမျိုး မကြိုက်ဘူး"

"ဒီတော့"

ဝေဖြိုးအောင်၏စကားကို သော်ဇင်က ဒီတော့ဟု ဝင်ထောက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ကွာ ဒီကောင်အာကာက ရည်းစားရှိချင်ယောင် ဆောင်ရမယ်၊ ဒီလိုဆိုရင် ဟိုဘက်က အလိုလိုနောက်ဆုတ်သွားမှာ ပဲ"

"အေး. . . အဲဒီအကြံကောင်းသားပဲ၊ ငါက မင်းတို့ဖုန်း နံပါတ်ကို ခေါ်ပြီးတော့ တခြားကောင်မလေးဆီ ဖုန်းခေါ်သလိုခေါ် ပြီး လျှောက်ပွားမယ်၊ မင်းတို့ကို သူနဲ့ငါ ရှိနေတဲ့အချိန် Miss call ပေးလိုက်မယ်၊ မင်းတို့က လှမ်းခေါ်ပေး၊ တစ်လုံးပြီးတစ်လုံးပေါ့ကွာ၊ ငါက ကောင်မလေးကို ဖုန်းလက်ခံပြောတဲ့ အထာမျိုးနဲ့ ဖိန့်မယ်"

"အေး. . . ကောင်းတယ်၊ မင်းက ဖုန်းတစ်ကောလ်ကို ဘီယာတစ်ဂျားနှုန်းနဲ့ ငါတို့ကို ပြန်ရှင်းပေးပေါ့"

သူ့စကားအဆုံးမှာ သော်ဇင်က နောက်တောက်တောက်ဆို သည်။

"ကဲ ကဲ တစ်ခါထဲ အစီအစဉ်ဆွဲကွာ"

"ဘာကိုလဲ"

ဝေဖြိုးအောင်က 'အစီအစဉ်ဆွဲကွာ'ဟုဆိုသဖြင့် သော်ဇင် က ဘာကိုလဲဟု အမေးရှိသည်။

"ဒီလိုလေကွာ ဒီကောင့်ဖုန်းမှာ တစ်ခါထဲ Ring Tone ကို ခွဲထားပေးလိုက်မယ်၊ ဥပမာ ဒီ Ring Tone ဆိုရင် သူကပေါ့ကွာ၊ နောက်တစ်မျိုးကျတော့ နန်းဥမ္မာ၊ အဲ အဲဒီလိုပေါ့ကွာ၊ တဖြည်းဖြည်းနဲ့ Ring Tone သံကိုတောင် ပစ်မလွဲကြီးက မှတ်မိပြီး ဒီ Ring Tone ဆိုရင်တော့ ဘယ်သူ၊ ဘယ် Ring Tone ဆိုရင်တော့ ဘယ်သူပေါ့ကွာ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမျိုး"

"အေး. . . အဲဒီအကြံမိုက်တယ်၊ ဒါပေမယ့် မင်းတို့ဖုန်းတွေကို ငါက Ring Tone ခွဲထားပြီးသားလေ"

ဝေဖြိုးအောင်၏ စကားအဆုံးမှာ သူဆိုဖြစ်သည်။ ထိုအခါမှ ၎င်းတို့နှစ်ကောင်က ဟုတ်သားပဲဟု ကိုယ်စီရေရွတ်ကြသည်။

"ဒါနဲ့ စကားမစပ် မင်း တကယ်ရော စိတ်ပါရဲ့လား၊ ငါဆိုလိုတာကကွာ မင်းရဲ့မသိစိတ်ထဲမှာ ပစ်မလွှဲကြီးကို ကြိတ်ပြီး မေတ္တာရှိနေတာမျိုး၊ သံယောဇဉ်မဖြတ်နိုင်တာမျိုး"

"တော်စမ်းပါကွာ"

သော်ဇင်၏စကားကို ဖြတ်ကာ သူဆိုဖြစ်သည်။

"ဒါပေမယ့် တကယ်တမ်းပြောရရင် အတူသွားရင်းလာရင်းနဲ့ သူ့ကို သနားပြီး သံယောဇဉ်ရှိလာတာတော့ အမှန်ပဲကွ"

"စပြီ၊ အဲဒါ ကရုဏာချစ်ပဲ"

သူ့စကားအဆုံးမှာ ဝေဖြိုးအောင်က လက်ဖျစ်တီးရင်းပြောင်စပ်စပ်ဖြင့်ဆိုသည်။

"ငါ့စကားကို ဆုံးအောင်နားထောင်ပါဦး"

ရုပ်တည်ဖြင့်ဆိုသော သူ့စကားကြောင့် သကောင့်သားနှစ်ကောင်က မျက်နှာကို တည်လိုက်ကြသည်။

"ဘော်ဒါသံယောဇဉ်ကို ပြောတာ၊ သူက ခင်ဖို့တော့ကောင်းပါတယ်၊ တကယ်တော့ သူက အဖြူထည်ကွ၊ ငါ့အန်တီလေးက အဲဒီအဖြူထည်ကို သွားပြီး ဆေးဆိုးပန်းရိုက်သွားလုပ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့လည်းဟုတ်ပါတယ်၊ ဒီတော့ သူ့ဘက်က မင်းကို သံယောဇဉ် အမြစ်မတွယ်ခင်မှာ သူလည်း ရင်နာသက်သာသွားအောင် ငါတို့က ကူညီပေးတယ်လို့ သဘောထားပြီး စောစောပြောတဲ့ ဇာတ်လမ်းကို ကလိုက်ကြတာပေါ့"

သူ့စကားအဆုံးမှာ သော်ဇင်က ဆိုသည်။ သူ ခေါင်းကို ညိတ်ပြဖြစ်သည်။ ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာပေါ့ဟု တွေးမိလိုက်သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com

A woman goes mad twice when she loves and when she beings to go gray.

မိန်းမတစ်ယောက်သည်ကား ချစ်စိတ်ဝင်ချိန်နှင့် ဆံပင်ဖြူသည့်အချိန် နှစ်ကြိမ်တော့ ရူးသည်။

Polish Proverb

×××××

www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးသည်လည်း ခေသူတော့မဟုတ်။ မကြာခဏဆိုသလို ပစ်မလွဲကြီးကို အိမ်ခေါ်ပြီး ရွှေတောင်ခေါက်ဆွဲ၊ ကျိုင်းတုံခေါက်ဆွဲ၊ မန္တလေးမြီးရှည်၊ အင်းလေးထမင်းသုပ် စသည်ဖြင့် မုန့်မျိုးစုံကို အိမ်မှာလုပ်စားသည်။

အိမ်မှာ မုန့်လုပ်တိုင်းလည်း ဈေးဝယ်အဖြစ် သူနှင့်ပစ်မလွဲကြီးကို အမြဲတမ်း အတူလွှတ်သည်။

သူကတော့ အစီအစဉ် ကြိုတ်ဆွဲထားသူမို့ နေရင်းထိုင်ရင်း ဂွင်ဝင်သည်ဟုပဲ သဘောထားဖြစ်သည်။

ဒီနေ့တော့ အန်တီလေးက ယိုးဒယားသင်္ဘောသီးထောင်းလုပ်စားမည်ဟုဆိုကာ သူနှင့်ပစ်မလွဲကြီးကို ထုံးစံအတိုင်း ဈေးသို့

www.burmeseclassic.com

www.burmeseclassic.com



လွှတ်သည်။

ကားပေါ်မတက်ခင်ကတည်းက Miss call လှမ်းပေးလိုက်သည်မို့ သိပ်မကြာခင်မှာပင် သော်ဇင့်ထံမှ ဖုန်းက ဝင်လာသည်။

ကားမောင်းနေသော အချိန်ကိုလျှော့ကာ သူဖုန်းကိုင်ဖြစ်သည်။

"ဟဲလို သူဇာ"

"အေး. . . သေချင်းဆိုး၊ မင်းလုပ်တာနဲ့ပဲ ငါ့မှာ သူဇာဖြစ်ရပြီ၊ ကဲ ကဲ ပါးစပ်ထဲတွေ့ကရာသာ လျှောက်ပြောပေတော့"

တစ်ဖက်မှနေ၍ သော်ဇင်က လှမ်း၍ဆဲရေးရင်း ဆိုသည်။

"ဩော်. . . သူဇာကလည်းကွာ ထုံးစံအတိုင်း ကိုယ်က ညမှ ဖုန်းဆက်မှာပေါ့လို့၊ တစ်ညလေး ဖုန်းမဆက်မိတာကို စိတ်မကောက်ရဘူးလေ"

"ဆက်ပြော. . . တေချင်းဖိုး"

တစ်ဖက်ကလည်း Mood အောက်အောင် နောက်နေသည်မို့ သူ့ရယ်ချင်စိတ်ကို အောင့်ထားရင်း စကားကို ဆက်ဖြစ်သည်။

"စိတ်ချပါ၊ ကိုယ့်ဘဝမှာ သူဇာ့ကိုပဲ အချစ်ဆုံး၊ ကျန်တာတွေကို ဖွဲဆန်ကွဲလိုသဘောထားတာ၊ သူဇာ့ကို ကိုယ်ဘယ်လောက်ထိ ချစ်လဲဆိုတာ သူဇာအသိဆုံးပဲ မဟုတ်လား"

"ဘာတွေလာပြောနေတာတုန်း၊ ဘယ်ကသူဇာတုန်း"

ထုံးစံအတိုင်း သော်ဇင်က တစ်ဖက်မှနေ ပေါက်ကွဲထောက်ဖောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၉၆) မြမြဦး

"ကဲ. . . ကဲ ကားမောင်းနေတုန်းမို့လို့ ပြန်ဆက်မယ်၊ ဒါပဲနော်"

ဖုန်းကို ပြွတ်ခနဲ အိုဗာအက်တင်ဖြင့် အာဘွားပေးပြီး မသိမသာလှမ်းကြည့်တော့ ပစ်မလွဲကြီးက နှုတ်ခမ်းကိုတင်းတင်းစေ့ကာ မျက်ရည်ဝဲနေသည်ကို သူတွေ့ရသည်။

စိတ်မကောင်းဖြစ်မိသော်လည်း မတတ်နိုင်။ သိပ်မကြာခင်မှာ ဝေဖြိုးအောင်ဆီက ဖုန်းဝင်လာမည်ကို သူကြိုသိထားသည်မို့ 'ပစ်မလွဲကြီးကို သံသယပိုဝင်အောင် လုပ်ထားဦးမှ'ဟု တွေးမိသည်။

"အဲဒီသူဇာဆိုတာ အဆက်ဟောင်းလေ၊ ရှေ့တစ်ပတ်လောက်ကမှ အတင်းကြီးပြန်ဆက်နေတာနဲ့ ကိုယ်ကလည်း ပြန်ဆက်ဂျင်ချင်ဆိုတော့ ပြန်လှုပ်ရှားထားလိုက်တာ၊ သူဇာက မန္တလေးသူလေ"

"ဪ"

ကြေကွဲမှုတွေ စီးမျောပျော်ဝင်နေသော 'ဪ'ဟု သူနားလည်လိုက်သည်။ သူမက အခြားဘာမှဆက်မမေး။

ထိုစဉ်မှာပင် ဝေဖြိုးအောင်ဆီမှ ဖုန်းကဝင်လာသည်။

"ဟဲလို"

"ဟကောင်"

"ဪ. . . ဝေဝေ"

"ခွေးကောင်. . . ငါ့ကို အလုံးကနေ အပြားဖြစ်အောင် မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၈၇

"အာ. . . ဝေဝေကလည်းကွာ ကိုယ်နဲ့ သူဖာနဲ့က ဘာမှ မပတ်သက်ပါဘူး၊ ကိုယ်ကျိန်ပြရမလား"

"မင်းဘာသာမင်း ကျိန်ချင်ကျိန် လိမ်ချင်လိမ်ပေါ့ကွ"

"အင်းပါ၊ ဝေဝေ့ကိုပဲ အချစ်ဆုံး ဟုတ်ပြီလား"

"ကြားရတာ တော်တော်အော်ဂလီဆန်တယ်၊ ဝေါ့"

သူက Mood အပြည့်ဖြင့် ဆိုနေသလောက် ဝေဖြိုးအောင်ကလည်း တစ်ခွန်းချင်းကို ပြန်ပြီးနောက်နေသည်မို့ သူရယ်ချင်စိတ်ကို အတော်ကြီး အောင့်အီးကာ ထားရသည်။

"ကဲကဲ ဝေဝေရာ ကိုယ်ကားမောင်းနေလို့ နောက်မှပဲ ပြန်ခေါ်လိုက်မယ်လေ၊ ဖြစ်နိုင်ရင် ကိုယ်က တစ်နေ့ကုန်တောင်ပြောချင်တာ၊ ကဲ ဒါပဲနော်"

ဖုန်းကို စောစောကလိုပဲ ပွတ်ခနဲ အာဘွားပေးဖြစ်သည်။ မသိမသာ လှမ်းအကဲခတ်လိုက်တော့ ပစ်မလွဲကြီးက နှုတ်ခမ်းကိုကိုက်ကာထားသည်။ သူ့အထင် ငိုချင်စိတ်ကိုများ အောင့်အီးကာထားသည်လား မသိ။ သူ ဝမ်းနည်းဝမ်းသာတော့ ခံစားလိုက်ရသည်။ သို့သော် လုပ်စရာရှိသည်ကိုတော့ သူ ပြတ်အောင်လုပ်ရမှာပဲဖြစ်သည်။

"ဝေဝေလည်း အဆက်ဟောင်းပဲလေ"

"ဟုတ်လား"

အားကုန်နေသော အသံဖြင့် သူမဆိုသည်။

"ထားခဲ့သမျှ ရည်းစားတွေထဲမှာတော့ သူ့ကို သံယောဇဉ်အရှိဆုံးပဲ၊ သူ့ကိုလည်း ပြန်ဆက်ထားတာ ငါးရက်လောက်ပဲရှိသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဩော်"

မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်းက မျက်ရည်မကျ အောင် ထိန်းနေဟန်တူသော သူမက တုန်ယင်စွာပင် ဩော်ဟုဆို သည်။

"ကိုယ့်ဘာသာကိုယ် ဝေခွဲမရဘူးဖြစ်နေတယ်၊ နှစ်ယောက် စလုံးကိုကလည်း သံယောဇဉ်မဖြတ်နိုင်ဘူး"

စကားစကို ခဏဖြတ်ရင်း သူ့အကဲခတ်ကြည့်တော့ ပစ်မလွဲ ကြီးက မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်သော အကြိမ်ရေက စိပ်ကာလာသည်။

"တစ်ယောက်ယောက်ကို ရွေးပါလားဆိုတော့လည်း စိတ်ထဲ မှာ နှစ်ယောက်စလုံးက အချောအလှတွေကြီးဆိုတော့ ဝေဝေက ကျ ရန်ကုန်မှာနေတာလေ၊ သူက ရန်ကုန်သူ"

သူမက ကြားသည်ဆိုသောသဘောဖြင့် ခေါင်းကို ညင်သာ စွာ ညိတ်သည်။ စိတ်ထဲမှာတော့ အောင်ပြီဟု ကြိတ်ကာရေရွတ်နေမိ သည်။

"ဒါနဲ့ ဒီကိစ္စတွေကို အိမ်ကဦးလေးရော အန်တီလေးရော လုံးဝသိတာမဟုတ်ဘူး၊ မီးမီးကိုက ခင်လွန်းလို့ပြောပြတာ၊ အန်တီ လေးတို့ရှေ့မှာ ဒီအကြောင်းတွေ လျှို့ထားပေးနော်"

"အင်းပါ"

သူမက တစ်ဖက်သို့ လှည့်သွားရင်း ဖြည်းညှင်းစွာပင်



www.burmeseclassic.com

www.burmeseclassic.com



အင်းပါဟု ခပ်ယဲ့ယဲ့သာရှိသော လေသံဖြင့်ဆိုသည်။

ဘာရယ်တော့မဟုတ် ဒီနေ့ ယိုးဒယားသဘော်သီးထောင်းက အတော်စားကောင်းလိမ့်မည်ဟု သူတွေးဖြစ်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



"ငိုတော့မငိုဘူးပေါ့"

သော်ဇင်က အရယ်တစ်ဝက်ဖြင့်ဆိုသည်။ ဝေဖြိုးအောင်က ဟက်ခနဲရယ်လိုက်ရင်းက

"တကယ်လို့ အဲဒီပစ်မလွဲကြီးသာ ငိုရင် မျက်ရည်တစ်ပေါက် တစ်ပေါက်ကို အာလူးလုံးလောက်များ ကျမလားမသိဘူးနော်၊ လူက နည်းတာကြီးမဟုတ်ဘူး"

ဟု ဆိုသည်။

"မင်းက မြင်ဘူးလို့လား"

သော်ဇင်က ဝေဖြိုးအောင်ကို မေးဆတ်ရင်း မေးသည်။

"အာ. . . မင်းကလည်း တောင်ကြီးမှာ Top စိန်ဆိုင်ပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



သမီးကို မမြင်ဘူးတာဆိုလို့ ဒီအာကာဆိုတဲ့ ကောင်ပဲရှိတယ်၊ ဒီကောင်က သူ့အိမ်ကို အဲဒီပစ်မလွဲကြီး ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတော့မှ မြင်ဘူးတာ၊ ငါက သူ့ကိုမြင်ဘူးတာ ကြာလှပေါ့"

သော်ဇင်က အထက်ပါအတိုင်း ခပ်ကြွားကြွားဆိုသည်။

"ချမ်းသာတာကတော့ အသေချမ်းသာတာနော် ကလောတို့၊ အင်းလေးတို့မှာလည်း ဟိုတယ်တွေရှိသေးတယ်တဲ့ကွ"

ဝေဖြိုးအောင်က အံကိုကြိတ်ရင်း ဆိုသည်။

"ဟုတ်တယ်၊ မီးမီးလေးသာ ပစ်မလွဲကြီးမဟုတ်ဘဲနဲ့ ဂစ်တာရှိတ်လေးဆိုရင်လည်း ဒီကောင်အာကာ့အိမ်ကိုတောင် ရောက်မှာမဟုတ်ဘူး၊ အခုတောင် ပိုင်းလုံးတော်တော်များများက လိုက်ကပ်နေတယ်ဆိုပဲ"

သော်ဇင်က ခေါင်းကိုညိတ်ရင်းက ဆိုသည်။

"အဲဒီပိုင်းလုံးဆိုတဲ့ စကားကြီးက ရင့်သီးလွန်းပါတယ်ကွာ၊ တကယ်ချစ်တာမျိုးလည်း ရှိချင်ရှိမှာပါ၊ ငါကတော့ တောင်ကြီးဟိုတယ် မင်္ဂလာဆောင်သွားတုန်းက အပြောခံလိုက်ရတာ လူကိုအီဆိမ့်သွားတာပဲ"

သူ့စကားအဆုံးမှာ ဝေဖြိုးအောင်က ဟက်ခနဲရယ်သည်။ ပြီး

"အေးလေ. . . ထင်မယ်ဆိုလည်းထင်ချင်စရာ၊ မင်းရဲ့ နဖူးရေဒူးရေကိုကြည့်ရတာ ပိုင်းလုံးရုပ် ထွက်နေတာကိုးကွ"ဟု ဆိုသည်။

ဘာရယ်မဟုတ် သူ မရယ်ချင်ရယ်ချင် ရယ်ဖြစ်သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com



"ထားသင့်ပါတယ် ကိုအာကာရဲ့၊ မီးမီးလည်း ယောကျ်ား လေးဆိုရင် ရည်းစားတွေ အများကြီးထားမိမှာပဲ၊ ဖုန်းနဲ့ ရည်းစား ထားတာပဲ ကိုအာကာရယ် သူလည်း မထိခိုက်၊ ကိုယ်လည်းမထိခိုက်နဲ့ ပြဿနာ မရှိပါဘူး။ ကိုအာကာသာ ကိုယ့်ဇာတ်ကိုယ် နိုင်ရင် နောက်ထပ်တစ်ယောက်နှစ်ယောက် ထပ်ထားသင့်တယ်"

"ဝေဝေ. . . ကိုယ့်ကိုမရစ်နဲ့နော်၊ ကိုယ်ပြောထားပြီးသား လေ၊ ကိုယ် ဝေဝေ့ကို အချစ်ဆုံးဆိုတာ၊ ယုံပါ ဝေဝေရယ်၊ ဟဲလို ဟဲလို အာ ဖုန်းချသွားပြီ၊ ဒီကလေးမကလည်း စိတ်ကြီးပဲ"

ဖုန်းကို အိတ်ကပ်ထဲပြန်ထည့်ရင်း သူ ဟန်ပါပါဖြင့် ဆိုဖြစ်သည်။ ဒီနေ့တော့ ပစ်မလွှဲကြီးကို ကြည့်ရသည်မှာ သိပ်မြီး ကျွေ မပျက်လှ။

"ရည်းစားတွေဆိုတော့လည်း ဒီလိုပဲ ရန်ဖြစ်လိုက်ပြန်ချစ် လိုက်နဲ့၊ ဒီကလေးမကတော့ တော်တော်လေးကို ချွဲတတ်တာ၊ အားရင် ရစ်ပြီးတော့ကို ချွဲနေတော့တာပဲ အဟင်း"

မကြားကြားအောင် ပစ်မလွှဲကြီး၏ဘေးမှ တပ်လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



သူဆိုဖြစ်သည်။

"ကိုအာကာက တောင်ကြီးမှာ၊ သူက ရန်ကုန်မှာဆိုတော့ ဘာပဲပြောပြော သူလည်း လွမ်းလွမ်းနဲ့ ချဲနေတာနေမှာပေါ့ ကိုအာကာရယ်၊ မီးမီးကတော့ မိန်းကလေးချင်းဆိုတော့ ကိုယ်ချင်းစာတယ်"

ပစ်မလွဲကြီးက ဘာစိတ်ကူးပေါက်သည်မသိ ကိုယ်ချင်းတွေ စာပြနေသည်။ ဘာရယ်မဟုတ် သူ ခေါင်းကိုကုတ်ဖြစ်သည်။

ထိုစဉ်မှာပင် သော်ဇင်ထံမှ ဖုန်းကဝင်လာသည်။

"သူဇာဆိုတဲ့ တစ်ယောက်ဆီကထင်တယ်"

သူမရှေ့မှာ မကြာခဏ ဖုန်းတွေလာနေသည်မို့ သူမပင် Ring Tone များကို ခွဲခြားတတ်နေပြီဖြစ်သည်။

ထို့ကြောင့် သူတို့ဘော်ဒါသုံးကောင်၏ အစီအစဉ် အထိုက်အလျောက် အောင်မြင်သည်ဟု ဆိုနိုင်သည်။ သို့သော် ထူးခြားသည်က အရေပဲထူသွားသည်လား၊ ကြားဖန်များ၍ ရိုးသွားသည်လားတော့ မသိ။ ဒီနေ့ ပစ်မလွဲကြီးကို ကြည့်ရသည်မှာ ငိုင်တိငိုင်တိုင် မဟုတ်တော့။ သွက်သွက်လက်လက်နှင့် သူမကပင် စကားတွေဘာတွေ ရွှန်းရွှန်းဝေအောင် ဆိုနေသေးသည်မို့ သူ နည်းနည်းတော့ အံ့သြနေမိသည်။

"ဟဲလို သူဇာ"

ဖုန်းကိုထူးရသည်ပင် သူ့အတွက် အရသာမရှိတော့။

"အင်း. . . မနေ့ညက သူဇာနဲ့ဖုန်းပြောတာ မနေ့သုံးနာရီ

www.burmeseclassic.com

www.burmeseclassic.com



ထိုးသွားတယ်နော်၊ အိပ်ရေးကော ဝရဲ့လား"

စကားစကိုဖြတ်ပြီး လှည့်ကြည့်လိုက်စဉ် ပစ်မလွဲကြီးက အန်တီလေးမှာလိုက်သော ပစ္စည်းများကို တစ်ခုပြီးတစ်ခု ဆွဲခြင်းထဲ ထည့်ကာနေသည်။ သူပြောနေသမျှကို မကြားသည်ပဲလား၊ မကြား ဟန်ပြုနေသည်လားတော့မသိ။

ထို့ကြောင့် သူ အသံကို အနည်းငယ်မြှင့်ကာ ဖုန်းကိုဆက် ပြောဖြစ်သည်။

"အရမ်းလွမ်းတာပဲ သူဇာရယ်၊ ဖြစ်နိုင်ရင်လေ ကိုယ် သူဇာ ရှိတဲ့ရန်ကုန်ကို ချက်ချင်းတောင် လာလိုက်ချင်တယ်"

"ကိုအာကာ"

သူဖုန်းပြောနေစဉ်မှာ ပစ်မလွဲကြီးက အသံကိုနှိမ့်ရင်း သူ့ကို ခေါ်သည်။ ဘာလဲဟု သူ မေးဆတ်ပြစဉ် ပစ်မလွဲကြီးက သူ့နားနား တိုးကပ်ကာ. . .

"သူဇာက မန္တလေးကလေ ဘာဖြစ်လို့ ရန်ကုန်လို့ သွားပြော နေတာတုန်း"

ဟု အသံကိုနှိမ့်ကာဆိုသည်။

ဘာရယ်မဟုတ် ကိုယ့်ဇာတ်လမ်းတောင် ကိုယ်မှားလုလုဖြစ် သွားသည်မို့ သူ ချွေးပျံသွားဖြစ်သည်။

"ဟဲလို သူဇာ ကိုယ်လည်း ထူထူပူပူနဲ့ မန္တလေးနဲ့ရန်ကုန်ကို တောင် မှားကုန်ပြီ၊ ကြည့်ရတာ လူလည်း လွမ်းနာတွေလို့ပြီး ဦးနှောက်တွေ မကောင်းတော့ဘူးထင်ပါရဲ့၊ ကဲ ကဲ ကိုယ်ညမှပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်မယ်၊ ဒါပဲနော်”

စကားကို မြန်မြန်အဆုံးသတ်ဖြစ်သည်။

“ကိုအာကာကလည်းလေ ရည်းစားတွေ အများကြီးရှိတာလည်းမဟုတ်ဘဲနဲ့ နှစ်ယောက်တည်းရှိတာကို ရှာတွေလည်ပြီးတိုင်တွေပတ်နေပြန်ပြီ၊ တော်ကြာ ရှိစုမဲ့စုလေးတွေနဲ့ ဇာတ်လမ်းပြတ်ကုန်ဦးမယ်နော် သတိထား”

“ဟိုက်”ဟု သူ့စိတ်ထဲမှ ရေရွတ်မိသည်။

“ဟုတ်တယ်နော်. . . တစ်ခါတလေလည်း စဉ်းစားမိပါတယ်၊ တကယ်ဆို ရည်းစားကို နှစ်ယောက်သုံးယောက် မထားသင့်ဘူးလို့”

သွေးတိုးစမ်းသလို သူဆိုဖြစ်သည်။ ပစ္စည်းများကို ကားပေါ်တင်ကာ သူမနှင့်အတူ ကားပေါ်တက်ရင်း ကားကိုမောင်းထွက်ခဲ့ဖြစ်သည်။

“ထားသင့်ပါတယ် ကိုအာကာရဲ့၊ မီးမီးလည်း ယောကျ်ားလေးဆိုရင် ရည်းစားတွေ အများကြီးထားမိမှာပဲ၊ ဖုန်းနဲ့ ရည်းစားထားတာပဲ ကိုအာကာရယ် သူလည်းမထိခိုက်၊ ကိုယ်လည်းမထိခိုက်နဲ့ ပြဿနာမရှိပါဘူး၊ ကိုအာကာသာ ကိုယ့်ဇာတ်ကိုယ်နိုင်ရင် နောက်ထပ်တစ်ယောက်နှစ်ယောက် ထပ်ထားသင့်တယ်”

“ဟုတ်လား”

သူမ၏စကားအဆုံးမှာ သူ အံ့အားသင့်စွာပင် ဟုတ်လားဟု ရေရွတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုးမိုးကလေ အဲဒီလို ရည်းစားအများကြီးထားတဲ့လူမှ သဘောကျတာ၊ ယောကျ်ားပီသလို့"

သူ့ကို မခို့တရို့ကြည့်ရင်း ဆိုသော သူမ၏စကားကြောင့် သူ နင်ခနဲ ခံစားလိုက်ရသည်။ ခုတ်ရာတခြား ရှရာတလွဲတွေ ဖြစ်ကုန်ပြီဟုတွေးရင်း ရင်တွေဘာတွေတောင် တုန်သွားရသည်။

သူမက ရည်းစားများသူကို ပိုသဘောကျသည်ဟု ဆိုသည်ကိုး။ ကားမောင်းနေရင်းက သူ သက်ပြင်းကို မရဲတရဲချဖြစ်သည်။

xxxxx

ပိုး : မိုး : ၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဒီအတိုင်းဆို ဒီကောင်နဲ့ငါက လုံးရာကပြားပြီး ဝေဝေတွေ သူဇာတွေလုပ်ခဲ့တာ အလကားဖြစ်ပြီပေါ့"

သော်ဇင်က စိတ်ပျက်ပျက်ဖြင့် ရေရွတ်သည်။

"အဲဒါကြောင့် မိန်းမတွေရဲ့စိတ်က ခန့်မှန်းရခက်တယ်လို့ ပြောကြတာနေမှာပေါ့၊ ထူးဆန်းလိုက်တာကွာ၊ သဝန်မတိုတဲ့အပြင်"

ဝေဖြိုးအောင်က စကားကိုပင် ဆုံးအောင်မဆိုတော့ဘဲ သက်ပြင်းကို ဟင်းခနဲချသည်။

"အဲဒါကြောင့် ပိုလန်စကားပုံက မိန်းမတွေဟာ ဆံပင်ဖြူတဲ့ အချိန်နဲ့ ချစ်စိတ်ဝင်တဲ့အချိန် နှစ်ကြိမ်တော့ ရူးတယ်လို့ ပြောတာ ပေါ့၊ ပစ်မလွဲကြီးက ဒီကောင့်ကို သံယောဇဉ်တွယ်နေမှတော့ ရည်းစားများလည်း ခွင့်လွှတ်တယ်ဆိုတာမျိုး ဖြစ်နေတာ"

www.burmeseclassic.com



သော်ဇင်က ခေါင်းကို တဗျင်းဗျင်းကုတ်ရင်းက ဆိုသည်။

"*အဲဒီသံယောဇဉ်တွေကို ဘယ်လိုဖြတ်ရမှာ*။ ကြံကြံဖန်ဖန်ကွာ ရည်းစားများတာကိုပဲ အပြစ်မမြင်တဲ့အမြင် ယောကျ်ားပီသတယ်ဆို ပြီးတော့၊ ဟား. . . ဟုတ်ပြီ"

ဝေဖြိုးအောင်က စကားကိုဆိုနေရင်းက လက်ဖျစ်ထတီး သည်။

"ဘာလဲကွ. . . အလန့်တကြားနဲ့"

သူ စိတ်လေလေဖြင့် ဝေဖြိုးအောင်ကို အော်ဖြစ်သည်။

"ဒီတစ်ခါတော့ မီးမီးလေးလို့ခေါ်တဲ့ ပစ်မလွဲကြီး မင်းကို လုံးဝလုံးဝ သံယောဇဉ်ပြတ်သွားမယ့် ဖော်မြူလာတွေ့ပြီ"

ဝေဖြိုးအောင်က ဝမ်းသာအားရဆိုသည်။

"ဘာဖော်မြူလာလဲ၊ ဒီတစ်ခါလည်း ခွင့်လွှတ်တယ်ဆိုတဲ့ အထဲ ပါသွားဦးမယ်နော်၊ ကြည့်လည်းလုပ်ဦး"

သော်ဇင်က အားမရှိသံဖြင့် ဆိုသည်။

"ဒီလိုကွာ ဒီကောင်အာကာ တစ်ခါက ပြောဖူးတယ်လေ၊ မီးမီးလေးကို အလှပြင်ဆိုင်လိုက်ပို့တော့ မိန်းကလေးစိတ်ဝင်နေတဲ့ သူတွေပြင်တဲ့ဆိုင် ပို့လို့ စိတ်ဆိုးတယ်ဆိုတာလေ၊ သူ့မှာ မိန်းမလျှာ တွေကို မုန်းတဲ့စိတ်၊ ဆိုက်ကိုပေါ့ကွာ၊ အဲဒီဆိုက်ကိုဝင်နေပုံရတယ်၊ တကယ်တော့ လူပဲကွာ စိုစိုခြောက်ခြောက် သူ့သဘာဝနဲ့သူ ရှင်သန် နေကြတာပဲ မဟုတ်လား၊ ဒါပေမယ့် သူက အဲဒီလို မိန်းမလျှာတွေ သူ့ဘာသာသူနေတာကို သူက ဆိုက်ကိုဝင်ပြီး မုန်းနေတာဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



စကားကို ဆုံးအောင်မပြောဘဲ ဝေဖြိုးအောင်က သူ့ကိုကြည့်သည်။

"ဟကောင်. . . ငါ့ကို နှောင့်ယှက်ခိုင်းနေတာလား၊ မဖြစ်ဘူးကွ၊ ကိုယ်က အပျော်လျှောက်လုပ်တာ ကိစ္စမရှိဘူး၊ အိမ်ကဦးလေးတို့သိရင် ငါ့ကို အိမ်ပေါ်က ခြေထောက်နဲ့ကန်ချမှာကွ"

သူ အကြောက်အကန်ငြင်းဖြစ်သည်။

"မင်းပြောတော့ ရှေ့တစ်ပတ်ထဲမှာ မင်းဦးလေးလင်မယား စင်ကာပူကို shopping ထွက်ကြမှာ မင်းလိုက်မသွားဘူးဆို၊ ပြီးတော့ မင်းအိမ်က အိမ်အကူရော အလုပ်သမားရောကို ခွင့်ပေးလိုက်မှာမို့ မင်းတစ်ယောက်တည်းဆို၊ မင်းဦးလေးတို့အားလုံး အိမ်မှာမရှိတဲ့ တစ်ပတ်လောက်ကို အကျိုးရှိရှိ အသုံးချလိုက်ရင်"

သော်ဇင်က လက်ဖျစ်ကိုတီးပြီး စကားကိုဖြတ်ကာထားသည်။

"အေး. . . အဲဒါကတော့ဟုတ်ပါပြီ၊ မိန်းမလျှာလို ပြင်ဖို့ဆင်ဖို့ လက်သည်းနီဗူးတွေဘာတွေ လိုတယ်ကွ၊ ငါ့အန်တီလေးက သူ့ပစ္စည်းတွေ ခြေရာလက်ရာပျက်ရင် ချက်ချင်းသိမှာ၊ ဝယ်ရအောင်ကလည်း ငါမဝယ်ရဲဘူးကွ၊ တစ်ယောက်ယောက်တွေ့သွားမှ ဒုက္ခ"

သူ ခေါင်းကိုကုတ်ရင်း ဆိုဖြစ်သည်။

"အာ. . . ဒါကလွယ်ပါတယ်၊ ဒီလိုလုပ် ဟိုကောင်မိုးဆက်လင်းထက်ကို တစ်လုံးလောက်တိုက်ပြီးတော့ သူ့မိန်းမရဲ့ လက်သည်းနီဗူး၊ နှုတ်ခမ်းနီဗူးနဲ့ မိတ်ကပ်တွေ ခိုးလာခိုင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ"

ဝေဖြိုးအောင်က အကြံပြုသည်ကို သော်ဇင်က ဟုတ်ပြီဟု ထောက်ခံသည်။

"ဒါပေမယ့် ငါမှ မလီမ်းတတ်မခြယ်တတ်တာကွ"

"ဒါက မခက်ပါဘူး ကိုကြီးမျိုး(မျိုးကိုမျိုး)တို့လင်မယား တောင်ကြီးရောက်နေတယ်လေ၊ သူ့အမျိုးသမီးမထိုက်က ဒါမျိုးတွေ ကျွမ်းတယ်၊ သူတို့ကို အကူအညီတောင်းရင်ရတယ်"

သူ့ကိုကြည့်ရင်း သော်ဇင်က ဆိုသည်။

"အေး. . . တစ်ခုကျန်သေးတယ်၊ ခွဲတော့မယ်ဆိုရင် အဝတ်အစားရဲ့ ပုံပိုးမှုကလည်း အရေးကြီးသေးတယ်မဟုတ်လား၊ အဝတ်အစား အပွင့်နုတ်နုတ်တွေ အရောင်ဖျော့ဖျော့နဲ့ ပန်းနွယ်ပန်းခက်တွေ ပန်းပွင့်တွေပါတဲ့ အင်္ကျီတွေ ဘယ်ကရှာရမလဲ"

သော်ဇင်က စဉ်းစားရင်းက ဆိုသည်။

"အာ. . . အဲဒီအတွက်ဆိုမပူနဲ့၊ ပန်းပွင့်ဒီဇိုင်းတွေပါတဲ့ အင်္ကျီတွေ ကိုကြည်(အကြည်တော်)ဆီမှာ တစ်ပုံကြီး သူစုထားတာ ရှိတယ်"

"ဟင်. . . သူက ဘာလုပ်ဖို့စုထားတာလဲ၊ သူ့အစ်မတွေဖို့ လား"

ဝေဖြိုးအောင်၏အဆိုကို သူမေးဖြစ်သည်။

"သူ့အစ်မဖို့လား သူဝတ်ဖို့လားတော့မသိဘူး၊ ကြည့်ရတာ စာရေးဆရာဘဝကနေ လိုင်းပြောင်းရင် ရယ်ဒီဖြစ်အောင် ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ထားလားမသိပါဘူး၊ ဘာပဲဖြစ်ဖြစ်ကွာ အင်္ကျီကတော့ ကိုကြည့်ဆိုကရပြီ ဘာလိုသေးလဲ"

"အမှုအရာလေ"

ဝေဖြိုးအောင်ကို သော်ဇင်က နဲ့ပြရင်းဆိုသည်။

"အင်း. . . အဲဒါက မြန်မာကားရော၊ ကုလားကားရော၊ ကိုရီးယားကားရော အကုန်ရောသုတ်ပြီး ကြည့်ထားလိုက်၊ မင်းသား တွေ အကြောင်းကြောင်းကြောင့် နဲ့ပြထားတာတွေ တစ်ပုံကြီး"

ဝေဖြိုးအောင်က ဆရာကြီးအထာဖြင့်ဆိုသည်။

"တစ်ခုကျန်သေးတယ်"

"ဘာလဲ"

သူ့အဆိုကို သော်ဇင်က ဘာလဲဟုမေးသည်။

"ဘော်ဒါလေ၊ နွဲ့တယ်ဆိုတာ အုပ်စုလိုက်နွဲ့မှမြိုင်တာ၊ ဒီတော့"

သူ့စကားကို ဆုံးအောင်မပြောဘဲ သကောင့်သားနှစ်ကောင် ကို ဆတ်ခနဲအကြည့် နှစ်ကောင်စလုံး နောက်ဆုတ်သွားကြသည်။

"ဒီ. . . ဒီကောင်က တစ်ချက်တစ်ချက်နွဲ့တယ်၊ သူ့ကိုခေါ်"

သော်ဇင်ကို ဝေဖြိုးအောင်က တွန်းရင်းဆိုသည်။

"မင်းက ဒီအစဉ်အစဉ်ကိုဆွဲတဲ့ ကျွမ်းကျင်သူလေ၊ မင်းလုပ်"

သော်ဇင်က ဝေဖြိုးအောင်ကို ပြန်တွန်းရင်းဆိုသည်။

"နှစ်ကောင်စလုံး ပါးစပ်ပိတ်၊ မင်းတို့မှာ ဘော်ဒါစိတ် မရှိကြဘူးလား၊ ဒုက္ခရောက်လည်း အတူတူရောက်ကြတာပေါ့ကွာ နာမည်

www.burmeseclassic.com



မှည့်မယ်၊ ဟိုကောင့်မှာက ဝေဝေဆိုတဲ့နာမည်ရှိပြီးသား"

သူ့စကားအဆုံးမှာ သော်ဇင်က လက်ခါပြသည်။

"အဲဒီနာမည်တွေက သုံးပြီးသားတွေလေကွာ၊ ဒီတော့ ဝေဖြိုးအောင်ကို အောင်အောင်လို့ပဲ မှည့်လိုက်တော့"

ပြုံးဖြီးဖြီးဖြင့်ဆိုသော သော်ဇင်၏စကားအဆုံးမှာ ဝေဖြိုးအောင်၏မျက်နှာက အီးမှန်ထားသလို ရှုံ့မဲ့ကာသွားသည်။

"ဒါဖြင့် မင်းက သော်ဇင်ဆိုတော့ ဇင်ဇင်ပေါ့"

ဝေဖြိုးအောင်ကလည်း ပက်ခနဲပြန်၍ဆိုသည်မို့ သော်ဇင်တစ်ကောင် တွန့်ခနဲဖြစ်ကာသွားသည်။

"ဒါဖြင့် ဇာတ်လိုက်ကြီးရဲ့ နာမည်ကရော"

သော်ဇင်က သူ့ကိုကြည့်ရင်း ဝေဖြိုးအောင်ကို မေးသည်။

"ဒီကောင့်နာမည်က အာကာဆိုတော့ အာအာ၊ အင် အဲဒါမကောင်းဘူး၊ ကာကာ ဟုတ်တယ်၊ ကာကာလို့ပဲခေါ်ကြတာပေါ့၊ ဟဲ့ ဇင်ဇင် ကောင်မ ငါပြောတာသဘောတူလား"

ဝေဖြိုးအောင်က ရွှတ်တရက်ထဖောက်ရင်း နွဲ့ပြသည်။

"ဟယ်. . . သူများက ဘာသဘောမတူစရာရှိလဲ မိအောင်ရဲ့"

သော်ဇင်က ထနွဲ့ပြရင်း ဝါးလုံးကွဲအောင် တဟားဟားဖြင့် ထကာရယ်သည်။ သုံးကောင်သား ဘာရယ်မဟုတ် မျက်ရည်ကျသည်အထိ ရယ်ဖြစ်ကြသည်။

သူတို့သတိမထားမိလိုက်သည်ကတော့ သူတို့ထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း၏နောက်မှာ ပစ်မလွဲကြီး၏ဘော်ဒါ ပုကွကွနှင့် မာလာမျိုးရယ်၊ ပိန်ရှည်ရှည်နှင့် စန္ဒီညွန့်ရယ် ရှိနေသည်ဆိုတာကိုပင်။

×××××

www.burmeseclassic.com

www.burmeseclassic.com



# ၆

သုံးကောင်သား မြန်မာ၊ ကိုရီးယား၊ အိန္ဒိယ၊ တရုတ်ပါ မကျန် တွေသမျှကား အကုန် ကြည့်ကာ နွဲ့နည်းလမ်းညွှန် လုပ်ကြသည်။

ဦးလေးတို့လင်မယားနှစ်ယောက် ခရီးထွက်သွားသောနေ့မှာပင် သူတို့သုံးယောက် အစီအစဉ်က စတင်ဖြစ်သည်။

မိုးဆက်လင်းထက်က သူ့မိန်းမမသိအောင် မိတ်ကပ်၊ နှုတ်ခမ်းနီနှင့် လက်သည်းနီဗူးတွေ တစ်ပွေ့တစ်ပိုက်ကြီး သုတ်လာသည်။

"ဒီပစ္စည်းတွေက သူ့အစ်မတွေ ပဲရစ်ကပို့လိုက်တဲ့ အမှန်အကန်တွေကွ၊ သူမသိအောင် ခဏသုတ်လာတာ၊ နေရာတကျ မသိမသာပြန်ထားပေးရမယ်၊ မပျောက်စေနဲ့နော်၊ ပစ္စည်းတွေက ဈေးကြီးတယ်ကွ"ဟု ပြန်ပေးရန်အကြောင်းကို အကြိမ်တစ်သောင်းမက ရွတ်ဆို၍ လာပို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## ခန်းဆက် ၁၁၅

အပွင့်အခက်နှင့် အဝတ်အစားများကိုတော့ ကိုကြည် (အကြည်တော်)ဆီမှ ငှား၍ရရှိသည်။ သူလည်း မိုးဆက်လင်းထက် နည်းတူပင်။

"အဲဒါ ငါ့အနာဂတ်စီမံကိန်းအတွက် စုထားတာကွ၊ ပေါက်ပြစုတ်ပြတ်သွားရင် တစ်ပုံစံထဲ ပြန်လျော်ပေးရမှာနော်"ဟု အကြိမ်ကြိမ်ရေရွတ်ရင်း နှမြောတသစွာ ငှားပေးလိုက်သည်။

မိတ်ကပ်ပြင်ပေးရန်ကလည်း ကိုကြီးမျိုး(မျိုးကိုမျိုး)၏ဇနီး မထိုက်က ရယ်ဒီဖြစ်နေသည်။

သုံးကောင်သား မြန်မာ၊ ကိုရီးယား၊ အိန္ဒိယ၊ တရုတ်ပါမကျန် တွေသမျှကား အကုန်ကြည့်ကာ နွှဲနည်းလမ်းညွှန်လုပ်ကြသည်။

"ကဲ. . . တော်တော်လေးတော့ ပြည့်စုံသလောက်ရှိနေပြီ၊ မနက်ဖြန် အိမ်ကိုခေါ်ပြီးတော့ လှုပ်ရှားကြတာပေါ့"

"တခြားဧည့်သည်တွေ ရောက်လာရင် ဒုက္ခပဲကွနော်"

တစ်ယောက်တစ်ပေါက် ဆိုနေသော သကောင့်သားနှစ်ကောင်ကို

"ဘယ်သူမှလာဖို့မရှိဘူး၊ အိမ်မှာလည်း ငါတို့သုံးကောင်ပဲရှိမှာ၊ ငါဖုန်းဆက်ထားပြီးပြီ၊ မုန့်လုပ်စားမယ်လို့၊ သူက သူ့ဘော်ဒါတွေပါ ခေါ်လာခဲ့မယ်တဲ့၊ မနက်ဖြန် ဆယ်နာရီ"ဟု သူဆိုဖြစ်သည်။

"ကဲ. . . ဒီတစ်ခါတော့ ငါတို့ကောင်ကို ပစ်မလွဲကြီး လှည့်ကိုမကြည့်စေရဘူး"ဟု သော်ဇင်က ရေရွတ်သည်။

ဒီတစ်ခါတော့ အောင်မြင်ပါစေဟု သူဆုတောင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ၁၀ နာရီချိန်းထားတယ်ဆိုတော့ ငါတို့က ဘယ်နှနာရီလောက် မိတ်ကပ်လိမ်းကြမှာတုန်း"

"ရှစ်နာရီလောက် လက်ဖက်ရည်ဆိုင်ထိုင်ပြီးရင် လာခဲ့မယ်လို့ ကိုကြီးမျိုးဖုန်းဆက်တယ်၊ ဒီကို မင်းတို့ ရှစ်ခွဲလောက် အရောက် လာခဲ့"

"OK ဒါဆို ငါတို့ပြန်ပြီ"

"အေး"

အိမ်ထဲမှထွက်သွားကြသော သော်ဇင်တို့နှစ်ကောင်ကို သူ လက်ပြရင်း အေးဟု ဆိုဖြစ်သည်။

အင်း. . . မနက်ဖြန် ၁၀ နာရီ။

××××

www.burmeseclassic.com

www.burmeseclassic.com



A Woman's heart sees more than ten men's eyes.

အမျိုးသမီးတစ်ဦး၏ နှလုံးသားသည် ယောကျ်ားဆယ်ယောက်၏ မျက်လုံးများထက်ပင် ပို၍မြင်၏။

Swedish Proverb

××××

www.burmeseclassic.com

www.burmeseclassic.com



နံနက်ရှစ်နာရီခွဲမှာ လူအားလုံး စုံစုံလင်လင်ဖြင့် ရောက်လာကြသည်။ မိတ်ကပ်လိမ်းကာ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ဟားကြရင်းက တဝါးဝါးဖြင့် ရယ်နေရသည်။

ကိုးနာရီခွဲကျော်ကျော်မှာ အားလုံး လိမ်းပြီးခြယ်ပြီး အဝတ်အစားများလဲကာ အားလုံးရယ်ဒီဖြစ်နေပြီဖြစ်သည်။

ကိုကြီးမျိုးနှင့် မထိုက်လည်း ပြန်သွားကြပြီဖြစ်သည်။ သုံးကောင်သား တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးစိစိကြီးတွေနှင့် ရယ်ချင်နေကြသည်။

"ဒီဘော်ဒါတစ်ကောင်ရဲ့ ကောင်းမှုအကြောင်းပြုပြီးတော့ ငါတို့နှစ်ကောင်လည်း အမျိုးမျိုးအဖုံဖုံကို သရုပ်ဆောင်နေရတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့တော့ ပွဲသိမ်းပါပြီကွာ"

သော်ဇင်နှင့် ဝေဖြိုးအောင်က အံကြိတ်သံကြီးတွေနှင့် ဆိုသည်။

"ဟကောင်တွေ မိတ်ကပ်တွေမှအားမနာ ယောကျ်ားရင့်မာကြီးတွေလို ပြောမနေကြနဲ့လေကွာ၊ အလေ့အကျင့်ရအောင် အခုကတည်းက သဏ္ဍာန်လုပ်သရုပ်တူအောင် ခပ်နွဲ့နွဲ့လေး ပြောကြမှပေါ့"

သူ့စကားအဆုံးမှာ ဝေဖြိုးအောင်က ဟုတ်သားပဲဟု ရေရွတ်သည်။

"ဟုတ်သားပဲ လုပ်မနေနဲ့ အောင်အောင်၊ ဒီနေ့ လက်ဖက်သုပ် သုပ်စားကြမှာဆိုတော့ ညည်း လက်စွမ်းပြမှဖြစ်မယ်နော်"

"ဟယ် . . . ဇင်ဇင်ကလည်း လက်ဖက်သုပ်ဆိုရင် ညည်းက ပိုကျွမ်းပါတယ်၊ ညည်းက အသုပ်လိုင်းကိုတာဝန်ယူ၊ တို့က အ. . . အဲ ဟိုဒင်း ငါးခြောက်ဖုတ်တဲ့လိုင်းကို တာဝန်ယူမယ်၊ ဒါနဲ့ ဟိုကောင်မ ကာကာက ဘာတာဝန်ယူမှာလဲ၊ ညည်းရဲ့အိမ်ဆိုပြီးတော့ အိမ်ကြီးရှင်စတိုင်လ် ဖမ်းမနေနဲ့နော်၊ အလှည့်ကျရင် မနွဲ့ကြစတမ်းပဲ"

နှစ်ကောင်သား အတိုင်အဖောက်ညီနေသည်ကို ကြည့်ရင်း သူဘာပြောလို့ ပြောရမှန်းမသိ ဖြစ်ကာနေသည်။ ရယ်ချင်စိတ်ကို အတော်ကြီး အောင့်အီးကာထားရသည်မို့ တအုအုဖြင့် နင်တာနေသည်။ နာရီကိုလှမ်းကြည့်လိုက်တော့ အချိန်က ဆယ်နာရီမတ်တင်း။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

## (၁၂) မြရင့်အိုင်

ဆယ်နာရီအတိမှာ အိမ်ထဲသို့ လင့်ခရှဆာအနက်ရောင် တစ်စီး ဝေါခနဲ ထိုးဆိုက်လာသည်။ သူတို့သုံးကောင်သား အသီးသီး နေရာယူလိုက်ကြစဉ် ကားပေါ်မှ ပစ်မလွဲကြီးနှင့် သူမ၏ဘော်ဒါများ ဆင်းလာကြသည်။

"ဟယ်. . . မီးမီးတို့များ အရမ်းအချိန်တိကျတာပဲ"

အိမ်အဝင်ဝမှနေရပ်ကာ နှုတ်ဆက်သောသူ့ကိုကြည့်ပြီး ပစ်မလွဲကြီးက အံ့အားသင့်ကာ သူ့ကို အထက်အောက်ကြည့်သည်။ မိတ်ကပ်တွေမှုန်နေအောင် လိမ်းထားပြီး ပန်းပွင့်တွေပါသော အင်္ကျီနှင့် ပုဆိုးကို ပုဆိုးမဟုတ် ထဘီမဟုတ် ဝတ်ထားသော သူ့ကိုကြည့်ပြီး မျို့လာဟန်ဖြင့် ပစ်မလွဲကြီးက မျက်နှာကိုရှုံ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ကို. . . ကိုအာကာ ဒါ. . . ဒါ. . . ဘယ်လို. . . ဘယ်လို"

"ဩော်. . . မီးမီးကလည်း တို့က အိမ်မှာလူကြီးတွေမရှိရင် ငယ်ငယ်လေးကတည်းက ဒီလိုဝတ်စားလိမ်းခြယ်ပြီးတော့ နေနေကျ၊ လာလေ ယွှသူငယ်ချင်းတွေပါခေါ်လိုက်၊ လာလေ တို့ကလည်း တို့ရဲ့ သူငယ်ချင်း ဇင်ဇင်နဲ့ အောင်အောင့်ကို ခေါ်ထားတယ် သိလား"

သူ့ကိုကြည့်ရင်း ဗစ်မလွဲကြီး၏မျက်နှာက ရှုံ့သည်ထက် ရှုံ့မဲ့သည်ထက် မဲ့ကာလာသည်။

"ကိုအာကာက ဘယ်လိုကဘယ်လို လုပ်ပြီး ကန့်ကလျကြီး ဖြစ်သွားနေတာတုန်း၊ အရင်တုန်းက ကျားကျားလျားလျားကြီးပါ"

"ဩော်. . . မီးမီးရယ် ကမ္ဘာကြီးမှာ အားလုံးက ရွေ့လျား ပြောင်းလဲနေတယ်မဟုတ်လား၊ တို့ကလေ ကျားလျားချင်ယောင် ဆောင်ထားပေမယ့် တကယ်တော့ တို့က အရမ်းအလှအပကြိုက်တာ သိလား"

လက်သည်းကို ကိုက်ရင်း ကန့်ကလျဖြင့် ဆက်တီမှာထိုင်ရင်း ဆိုသော သူ့ကို ပစ်မလွဲကြီးက မျက်လုံးကြီးတွေပြူးကာ မျက်လုံးကျွတ် ကျမတတ်ကြည့်ရင်း အော်ဂလီဆန်လာဟန်ဖြင့် မျက်နှာကို အစွမ်းကုန် မဲ့ကာထားသည်။

"လာလေ ထိုင်ကြ"

သော်ဇင်က ကန့်ကလျဖြင့် သူ့ဘေးမှာဝင်ထိုင်ရင်း ပစ်မလွဲကြီး၏ ဘော်ဒါများကို ဆက်တီမှာထိုင်ရန်ဆိုသည်။

ပစ်မလွဲကြီး၏ ဘော်ဒါများက သူတို့သုံးကောင်ကိုကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကြီးဟွေ့ဟကာ ခုံမှာဝင်ထိုင်ကြသည်။

"ဟယ်. . . ဟိုတစ်ယောက်ဝတ်ထားတဲ့ ဘလောက်စ်လေးက လှလိုက်တာ၊ ဘယ်ကဝယ်ထားတာလဲဟင်၊ အောင်အောင်ကလေ ဝင်လာကတည်းက ကြိုက်လွန်းလို့ကြည့်နေတာ၊ အရမ်းလန်းတယ်နော်"

ဝေဖြိုးအောင်က ပုကွကွနှင့် မာလာမျိုးကို ခပ်နွဲ့နွဲ့လက်ညှိုးထိုးရင်း မေးသောအမေးကြောင့် မာလာမျိုး၏မျက်နှာကြီး ရှုံ့မဲ့ကာ သွားသည်။ ပြီး. . .

"ဟိုလေ. . . ဈေးထဲက အဒေါ်ဆိုင်က ဝ. . . ဝ. . . ဝယ်ထားတာ"

ဟု စကားကို အထစ်ထစ်အငေါ့ငေါ့ဖြင့် ဆိုသည်။

"တို့ကတော့ ဟိုတစ်ယောက်ဝတ်ထားတဲ့ စကဒ်လေးကို အရမ်းသဘောကျတာပဲ၊ ကာလာလေးက Fancy ကာလာလေးနော်၊ ဇင်ဇင်ကလေ အခွင့်အရေးရရင် အဲဒီစကဒ်မျိုးလေးဝတ်ပြီး လျှောက်လည်ချင်တာ"

သော်ဇင်က ပိန်ရှည်ရှည်နှင့် စန္ဒီညွန့်ဝတ်ထားသော စကဒ်ကို ဆတ်ခနဲ လက်ညှိုးထိုးကာ ဆိုလိုက်သည်မို့ သူမခမျာ တွန့်ခနဲဖြစ်ကာ သွားသည်။

"ဟုတ်လား၊ အဟင်း. . . ဟင်း"

မျက်နှာကိုရှုံ့တွရင်း စန္ဒီညွန့်က တဟင်းဟင်းဖြင့်လှုပ်ခါရယ်သည်။ ပြီး ကျန်ဘော်ဒါများကို တစ်ချက်ဝေ့ကာကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ခန်းဆက် ၁၂

"ဒါနဲ့ မီးမီး တို့တစ်ခါတလေလေး ဒီလိုနေတာကို ဦးလေးတို့ မသိစေနဲ့နော်၊ ကာကာကလေ စိတ်ထဲမှာရှိတဲ့အတိုင်း တစ်ခါတလေမှ စိတ်လွတ်ကိုယ်လွတ်နေရတာ"

"ကာ. . . ကာကာ ဟုတ်လား"

ပစ်မလွဲကြီးက သူ့ကို အံ့အားတသင့်ဖြင့် ဆိုသည်။ ပြီးမျက်နှာကြီးရှုံ့မဲ့ကာ သူ့ကို အထက်အောက်ကြည့်ရင်း. . .

"ကိုအာကာက ဘယ်လိုလုပ်ပြီး ကာကာဖြစ်သွားရတာလဲ၊ ပေါင်းတဲ့ဘော်ဒါတွေကလည်း ဇင်ဇင်တို့ အောင်အောင်တို့ဟုတ်လား၊ ကိုအာကာရယ် နေမကောင်းများဖြစ်နေသလားဟင်"

မယုံကြည်နိုင်ဟန်ဖြင့် ပစ်မလွဲကြီးက အမေးရှိသည်။ သုံးကောင်သား တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ရယ်ချင်နေကြသော်လည်း စိတ်ကိုတင်းကာ တည်ထားဖြစ်ကြသည်။

"သူများကလေ ဘယ်တုန်းကမှ နေမကောင်းမဖြစ်ဖူးဘူး မီးမီးရဲ့၊ နဂိုကတည်းက သူများက ကျားလျားချင်ယောင်ဆောင်နေတာ၊ ဦးလေးတို့မကြိုက်လို့ ဒီလို ကိုယ်နေချင်သလို မနေရဲဘူးလေ"

ဆံပင်ကို ခပ်နွဲ့နွဲ့သပ်တင်ရင်း သူဆိုဖြစ်သည်။

"ဒါဖြင့် ကိုအာကာက ယောကျ်ားစစ်စစ်မဟုတ်ဘူးပေါ့"

"ဒါပေါ့ သူများက ဦးလေးတို့လစ်ရင်လစ်သလို ဒီလိုပဲနေတာ"

"ဝမ်းသာလိုက်တာ"

"ဗျာ. . . အဲလေ ဟင် ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြီး ဝမ်းသာလိုက်တာဆိုသော ပစ်မလွဲကြီး၏ စကားကြောင့် ရုတ်တရက် သူ ဗျာဟု ရေရွတ်ပြီးမှ ဟင်ဟု ထပ်ပြင်ကာ ရေရွတ်ဖြစ်သည်။ မီးမီးက ငါးခူပြုံးကိုပြုံးသည်။

"ကိုအာကာပြောသလိုပဲ ကမ္ဘာကြီးရွေ့လျားပြောင်းလဲနေသလိုမျိုး မီးမီးကလည်း ပြောင်းလဲနေတာ၊ အရင်တုန်းကတော့ ကျားကျားလျားလျားကြီးတွေမှ ကြိုက်တယ်ဆိုပေမယ့် မနေ့တစ်နေ့ကစပြီး အခု ကာကာတို့လို နွဲ့နွဲ့လေးတွေပဲ ကြိုက်တော့တာ"

"ဗျာ"

သူ လန့်ဖြန့်ကာ ဗျာဖြစ်သည်။ သကောင့်သားနှစ်ကောင်ကတော့ ငုတ်တုတ်ကြီးတွေ မေ့နေကြသည်။

"အတည်ပြောတာ၊ ကြည့်ရတာ ကိုအာကာနဲ့ မီးမီးနဲ့ ပဋ္ဌာန်းဆက်တွေရှိလို့ စိတ်ချင်းများ ဆက်သွယ်နေကြလားမသိဘူး၊ မီးမီးက ကျားကျားလျားလျားတွေကို ကြိုက်တဲ့အချိန်မှာ ကိုအာကာက လုံးဝကို ကျားကျားလျားလျားကြီး၊ ဟော အခု နွဲ့နွဲ့လေးမှ ကြိုက်တော့မယ်လို့လည်း ချဉ်ခြင်းတပ်လိုက်ရော ကိုအာကာက နေရင်းထိုင်ရင်းနဲ့ နွဲ့လာတယ်၊ မီးမီးတို့ ကံကောင်းပုံများကတော့ စာဖွဲ့လို့တောင် မကုန်နိုင်ဘူး၊ ဒါ ဆန်းကြယ်တဲ့ရေစက်ပဲ"

မီးမီး၏ ဝမ်းသာအားရစကားအဆုံးမှာ သူတို့သုံးကောင်သား မထွေးနိုင်မမျိုနိုင် ဖြစ်သွားကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြရင်း မှားပြီဟု စိတ်ထဲမှ ရေရွတ်မိကြသည်။

"ဒါနဲ့စကားမစပ်လေ မီးမီးရဲ့ကားပေါ်မှာ စောစောက



www.burmeseclassic.com

www.burmeseclassic.com



မာလာမျိုးရဲ့နားကပ်လေး ကျသွားလို့ လိုက်ရှာပေးကြပါလားဟင်၊ မီးမီးတို့အုပ်စုကလေ မျက်မှန်မတပ်ဘဲ ဟန်နဲ့ပန်နဲ့သာနေတာ အကုန်လုံး - အနီးမှုန်သမားတွေကြီးပဲ"

"လာပါ၊ သုံးယောက်ဝိုင်းရှာတော့ မြန်မြန်တွေ့တာပေါ့၊ ကူညီပါဦး"

ပုကွကွနှင့် မာလာမျိုးက သုံးယောက်လုံးကို မျက်နှာငယ်လေးနှင့် ဆိုသည်။

"ရှေ့ခန်းမှာလား၊ နောက်ခန်းမှာလား"

ခပ်ဆောင့်ဆောင့်မေးသော သူ့စကားအဆုံးမှာ 'ရှေ့ကော နောက်ကော ထိုင်ခဲ့တာ'ဟု မာလာမျိုးက မျက်နှာငယ်နှင့် ဆိုပြန်သည်။

သုံးယောက်သား မငြင်းနိုင်ကြတော့ဘဲ မိတ်ကပ်ထူပိန်းပိန်း မျက်နှာများကို စူပုပ်ရင်း ကားရှေ့ခန်းမှာ သူကရှာပြီး ကားနောက်ခန်းမှာ ဝေဖြိုးအောင်နှင့် သော်ဇင်က ဝိုင်းရှာသည်။

"ဘာမှလည်းမတွေ့ဘူး"

သူ့နှုတ်ကရေရွတ်ကာ ရိပ်ခနဲမြင်သောအရိပ်ကို မော့အကြည့် ဒရိုင်ဘာနေရာတွင် ထိုင်ထားသော ပစ်မလွဲကြီးက ကားစက်ကို ရုတ်တရက်နှိုးသည်။

"ဘာ. . . ဘာလုပ်မလို့လဲ"

သူ့မေးခွန်းမဆုံးခင်မှာပင် သော်ဇင်တို့နှစ်ကောင် ရှိနေသော နောက်ခန်းတံခါးများရော သူ့ဘေးမှတံခါးပါ ဝုန်းခနဲ ပိတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နက်ပိတ်သွားပြီး ခလောက်ခနဲ လော့ကျကာသွားသည်။

"ဒါဘာလုပ်တာလဲ"ဟု သူ အလန့်တကြားမေးဖြစ်သည်။

"ဘာမှမလုပ်ဘူး၊ ကိုအာကာတို့ ဖြီးလိမ်းထားတာ အလကား ဖြစ်မှာစိုးလို့ ဈေးပွဲတော်ကို လိုက်ပို့ပေးမလို့"

"ဈေးပွဲတော်"

မီးမီးခေါ် ပစ်မလွဲကြီး၏ ကြိမ်းဝါးသံအဆုံးမှာ သူတို့ သုံးယောက်သား ဈေးပွဲတော်ဟု အလန့်တကြား ရေရွတ်ဖြစ်ကြသည်။

"တောင်ကြီးမြို့တော်ခန်းမမှာ လုပ်နေတဲ့ ဈေးပွဲတော်ကို ပြောတာ၊ အဲဒီမှာ လူသိပ်စည်တယ်လေ၊ ကိုအာကာတို့ အခုလို ဖြီးလိမ်းပြင်ဆင်ထားတဲ့အချိန်မှာ မီးမီးက ဂုဏ်ယူဝင့်ကြွားစွာနဲ့ အဲဒီ ကိုခေါ်သွားမလို့"

"မလိုက်ဘူး၊ မလိုက်ဘူး၊ ရပ် ခုရပ်"

သုံးယောက်သား ကားကို ရပ်ခိုင်းသော်လည်း မီးမီးကရယ် ရင်း ခေါင်းကိုခါသည်။

"မရပ်တာ၊ ဘယ်လိုဖြစ်တာလဲ ကာကာ၊ ဇင်ဇင်နဲ့အောင် အောင်တို့ကလည်း ပွဲသွားမှာကိုပဲ ငရဲသွားမလိုဖြစ်နေလိုက်ကြတာ"

"မ. . . မနောက်ပါနဲ့မီးမီးရယ်၊ အိမ်မှာလူစောင့်မရှိဘူး ပြန်ရမယ်"

သူ စိတ်လေလေဖြင့် ဆိုဖြစ်သည်။

"မနောက်ပါဘူး ကိုအာကာရယ်၊ အိမ်အတွက်လည်း ဘာမှ မပူနဲ့၊ မီးမီးရဲ့ဘော်ဒါ သုံးယောက် စောင့်ရှောက်ထားလိမ့်မယ်၊ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

စိတ်တော့မရှိနဲ့နော်၊ မီးမီးတို့လေ ဝင်လာကတည်းက ထူးခြားလှပနေတဲ့ ကိုအာကာတို့သုံးယောက်ကို ဟမ်းဖုန်းနဲ့ ဗွီဒီယိုခိုးရိုက်ထားတယ်သိလား"

"ဗျာ"

သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ဖြစ်ကြသည်။

"သွားပြီ၊ အဲဒါဘာလုပ်ဖို့ ရိုက်ထားတာလဲ"

"အင်တာနက်ပေါ်က သူငယ်ချင်းတွေဆီ ဖြန့်မလို့"

"ဘာ"

မီးမီး၏အဖြေကြောင့် သုံးယောက်သား လဒမှိုင်မှိုင်သွားကြသည်။

"နောက်တာပါ၊ မီးမီးက အဲဒီလောက်ထိ မရက်စက်ပါဘူး၊ အမှတ်တရသိမ်းထားရုံလောက်ပါ၊ ကဲ ကဲ ပါးစပ်ပိတ်ထားကြ၊ ဈေးပွဲတော်ကိုရောက်တော့မယ်၊ ဝါး ပျော်စရာကြီးပါလား လောကကြီးရဲ့"

မီးမီးက ဝမ်းသာအားရဖြင့် ရေရွတ်သည်။ ပြီး 'ရောက်ပြီဆင်းကြ'ဟု ကားရပ်၍ဆိုသည်။

"မီးမီး. . . ကျွန်တော်တို့ ကားပေါ်ကမဆင်းဘူးဗျာ၊ ဒါနဲ့ဒါ မီးမီး တမင်ဂွင်ဆင်တာမဟုတ်လား"

သော်ဇင်က အံ့အားတသင့်ဖြင့်မေးသည်။

"ဂွင်ဆင်တာ၊ ဂွင်ဆင်တာ ကျွန်မမဟုတ်ဘူး၊ ရှင်တို့ဆင်တာ၊ ရှင်တို့ လက်ဖက်ရည်ဆိုင်မှာ ကိစ္စလုံးစုံကို ဆွေးနွေးတဲ့အချိန်

www.burmeseclassic.com

www.burmeseclassic.com



မှာ ရှင်တို့နောက်ကဝိုင်းမှာ ကျွန်မသူငယ်ချင်းတွေ ရှိနေတယ်လေ၊ အဲဒါ ကျွန်မရဲ့ ကံကောင်းမှုပေါ့"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်တို့ မှားသွားပါတယ်၊ တကယ်တော့ ဒီအစီအစဉ်ကို ကျွန်တော်ပဲ စီစဉ်ခဲ့တာပါ"

ဝေဖြိုးအောင်က အီလည်လည်ဖြင့် ဆိုသည်။

"ဘာပဲပြောပြော သုံးယောက်စလုံး ညီညီညွတ်ညွတ် လုပ်ရှားခဲ့ကြတာပဲမဟုတ်လား၊ တက်ညီလက်ညီနဲ့လေ"

"ကျွန်တော်တောင်းပန်ပါတယ်၊ တကယ့်ကို စိတ်ရင်းနဲ့ တောင်းပန်ပါတယ်"

သူ စိတ်မကောင်းစွာပင် ဆိုဖြစ်သည်။

"ရပါတယ်၊ ကျွန်မ ကျေအေးပေးပါတယ်၊ ဒါပေမယ့် ရှင်တို့ကို ကျွန်မ မမြင်ချင်တော့ဘူး၊ အခု ကားပေါ်ကဆင်း"

မီးမီးက မျက်ရည်ဝဲကာ အံကိုကြိတ်ရင်းဆိုသည်။

"အဲဒီလိုတော့မလုပ်နဲ့လေ၊ ဒီမှာက လူကအများကြီးဆိုတော့"

သူ့စကားပင်မဆုံးသေး မီးမီးက 'ဆင်း. . . ခုဆင်း'ဟု အာခေါင်ခြစ်ကာ အော်သည်။

"ကဲ. . . ရှင်တို့မဆင်းရင် ကျွန်မ ရှေ့ကအုတ်တံတိုင်းကို ဝင်အောင်းပစ်မှာနော်၊ မလုပ်ရဲဘူးမထင်နဲ့၊ ကဲ ဆင်းမှာလား မဆင်းဘူးလား"

"ဆင်းပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ သော်ဇင်တို့နှစ်ကောင်က 'ဟကောင်' ဟု အလန့်တကြား ရေရွတ်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးမြို့တော်ခန်းမရှေ့ စည်ကားသော ဈေးပွဲတော်၏ နေရာတစ်ခု။

ဖျတ်ခနဲထိုးဆိုက်လာသော မော်ဒယ်မြင့် လင့်ခရူဆာ အနက်ရောင်တစ်စီး။

ကားပေါ်မှဆင်းလာသော မိတ်ကပ်အဖွေးသားနှင့် လူငယ်သုံးယောက်။ အင်္ကျီများက အပွင့်နုတ်နုတ်အဆင်ကိုယ်စီ။ တခွီးခွီး ရယ်ကာ ဝိုင်းကြည့်နေကြသော လူများ။ မျက်လုံးများ။

ရယ်သံများ။ လက်ညှိုးများ။ မျက်လုံးများ။

×××××

www.burmeseclassic.com

ဝို : မို : ဝ ၁ ၆ ပ

www.burmeseclassic.com

## အခန်း ၁၃

သူ့စကားအဆုံးမှာ သူမက ခွီးခနဲရယ်သည်။

“အစ်ကိုတို့ ဘယ်လိုပြန်ကြလဲ”

“Taxi ငှားပြီး ပြန်ရတာပေါ့၊ အိမ်ရောက်တော့ သူ့ဘော်ဒါ သုံးကောင်က အိမ်ကို လုံးဝလုံခြုံအောင် စောင့်ထားပေးတယ်၊ အပ်တို တစ်ချောင်းတောင် မပျောက်ဘူးစိတ်ချလို့ ပြောပြီး ပြန်သွားကြရော”

သူ့စကားအဆုံးမှာ သူမကရယ်သည်။ ဘယ်ဘက်ပါးမှ ပါးချိုင့်လေးက ရင်ခုန်စရာကောင်းသည်ကတော့ အမှန်။

“ဦးလေးတို့ပြန်လာတဲ့အထိ အိမ်ထဲကအိမ်ပြင်ကို မထွက်ရဲဘူး၊ ဦးလေးတို့ ပြန်ရောက်ရောက်ချင်းပဲ ရန်ကုန်ကိုထွက်လာတာ၊ ဟိုကောင်နှစ်ကောင်လည်း အဲဒီကိစ္စဖြစ်ပြီးနောက်ရက်ပဲ ရန်ကုန်ကို

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားနှင့်ပြီ၊ အခု ကားလက်မှတ်တောင် ဦးလေးစိစဉ်ပေးလို့ရတာ၊ တကယ်ဆို ကားလက်မှတ်က စောင့်ရဦးမှာ၊ လေယာဉ်လက်မှတ်ကဆို တော်တော်စောင့်ရဦးမယ်"

"စောင့်လိုက်တာမဟုတ်ဘူး"

သူမက ပြောရင်းရယ်သည်မို့ သူပါရောပြီး လိုက်ရယ်ဖြစ်သည်။ သူမကို ဖြစ်နိုင်လျှင်တော့ မရယ်စေချင်။ အကြောင်းက သူမရယ်တိုင်း ချစ်စရာ ပိုပိုကောင်းကာ သူ့ရင်တွေ ပိုပိုခုန်လာသောကြောင့် ဖြစ်သည်။

"ဒါနဲ့ ရှင့်ဦးလေး ပေးစားချင်တယ်ဆိုတဲ့ ဆရာဝန်မလေးကိုရော တွေ့ပြီးပြီလား၊ နာမည်ရောသိပြီလား"

"တော်ပါပြီဗျာ၊ ဘာပုံကြီးနဲ့ မိတ်ဆက်ပေးဦးမလဲမသိဘဲနဲ့ ကြိုတင်ရင်ခုန်မနေချင်တော့ပါဘူး"

သူမ၏အမေးကို သူ စိတ်ပျက်ပျက်နှင့်ပင် ဖြေဖြစ်သည်။

"ကျွန်မအထင်တော့ အဲဒီဆရာဝန်မလေးလည်း ဒီနေ့ရန်ကုန်ပြန်တယ်ထင်တယ်"

"ဗျာ"

ရုတ်တရက်ဆိုသော သူမ၏စကားကြောင့် သူ ရုတ်တရက်ကြောင်သွားသည်။ ထိုစဉ်မှာပင် သူ့ဖုန်းကို Message ဝင်လာသည်မို့ သူဖွင့်ကြည့်လိုက်တော့ ဦးလေး၏ Message ဖြစ်ကာနေသည်။

"ငါ့တူ. . . ဦးလေးမိတ်ဆက်ပေးမယ်ဆိုတဲ့ ဆရာဝန်မလေး နာမည်က နန်းယမင်းသော်တဲ့၊ ဘယ်လိုပုံစံလဲဆိုတော့ မင်းခုံဘေးက

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးလိုပေါ့၊ ကဲ ငါတူ ဒီလောက်ဆိုသဘောပေါက်"

Message ကို ဖတ်၍အပြီးမှာ သူ အံ့အားသင့်ဟာပင် ဘေးမှကောင်မလေးကို ကြည့်ဖြစ်သည်။

"ဘယ်သူ့ဆီက Message လဲ"

သူမက ကြိုသိနေသောပုံစံဖြင့် ပြုံးစိစိလုပ်ရင်းမေးသည်။

"ဦးလေးဆီက"

"ဘာတဲ့လဲ"

သူမက ရယ်ချင်ပက်ကျိပုံစံဖြင့် အသည်းယားစရာကောင်းအောင် ပြောင်စိစိလုပ်ရင်း မေးသည်။

"မင်းရဲ့ဘေးက ခရီးဖော်က မင်းရဲ့ဘဝခရီးဖော်ပဲတဲ့"

"အောင်မာ"

သူ့စကားကြောင့် သူမ၏မျက်နှာတို့ နီရဲကာသွားသည်။

"နန်းယမင်းသော်"

"ဘာလဲ၊ နာမည်အလကားမရဘူး၊ မခေါ်နဲ့"

သူမက ခပ်တည်တည်ဖြင့် ဆိုသည်။ ကြည့်စမ်း ကျေးဇူးတင်ဖို့ကောင်းလိုက်တဲ့ ဦးလေး။ နီးများနီးလို့ကတော့ ပြေးပြီးတောင် ရှိခိုးလိုက်ချင်သည်။

"မြင်မြင်ချင်းပဲ ချစ်မိတယ်ဆိုတဲ့စကားကို ယုံလား"

"မသိဘူး"

သူ့အမေးကို သူမက ရှက်အမ်းအမ်းဖြင့် မသိဘူးဟုဆိုသည်။

"သိအောင် ကိုယ်လုပ်ပေးမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"မသိချင်တာ၊ ပြီးတော့ ယမင်းတို့က တစ်ခါတလေ လစ်ရင် လစ်သလို နွဲ့တဲ့လူဆိုမကြိုက်ဘူး"

"အာ"

သူ့စကားနှင့်သူ့ကို ပြန်နောက်နေသော သူမ၏စကား ကြောင့် သူ ရှက်သွားရသည်။

"ဒါနဲ့ ကိုယ်မှန်း ဘယ်လိုလုပ်သိလဲ"

"ဖေဖေက ကားပေါ်တက်ခါနီးမှ Message လှမ်းပို့တာ၊ လေ့လာထားတဲ့"

သူမက ရှက်ဝဲဝဲဖြင့်ဆိုသည်။

"လေ့လာကြည့်လိုက်တော့ ချစ်စရာကောင်းနေတယ်မဟုတ် လား၊ ရုပ်လည်း တော်တော်ဖြောင့်တယ်နော်"

"အင်း နည်းနည်းတော့ နွဲ့တယ်ထင်တာပဲ"

"ဟာကွာ"

သူမက သူ့နိုင်ကွက်ကို အမိအရနင်းရင်း ဆိုသည်။

ထိုစဉ်မှာပင် ကားက တောင်တက်တောင်ဆင်းလမ်းမို့ ညာ ဘက်ကို ငြိမ့်ခနဲစောင်းကာအသွား အနီးကပ်ကြည့်နေသော သူမ၏ ပါးက (ကားစောင်းသည့်အရှိန်နှင့်) သူ့နှုတ်ခမ်းတို့နှင့် ဖျတ်ခနဲ ထိတွေ့ကာသွားသည်။

"ဟာ. . . Sorry Sorry ကားစောင်းသွားလို့နော်"

"ဘယ်သူကဘာပြောလို့လဲ"

နီရဲနေသောမျက်နှာဖြင့် သူမက ခပ်ဆောင့်ဆောင့်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကားကလည်းနော် နောက်တစ်ခေါက် မစောင်းတော့ဘူး လားမသိဘူး"

မချင့်မရဲဖြင့် ရေရွတ်သော သူ့စကားအဆုံးမှာ သူမတ ရှက်ပြုံးပြုံးရင်း တစ်ဖက်သို့ လှည့်ကာသွားသည်။

သူမ၏အပြုံးတစ်ချက်မှာ သူ့ရင်ခုန်သံတို့ တိမ်းမူးကာသွား ခဲ့သည်ကတော့ အမှန်ပဲဖြစ်သည်။

×××××

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့။

သူမှာ တာဝန်နှစ်ခုရှိသည်။

တစ်ခုကတော့ ဦးလေး၏ဆန္ဒကို ဖြည့်ဆည်းပေးရန်ဖြစ်ပြီး ကျန်တစ်ခုကတော့ ဘေးမှာရှိနေသော ကောင်မလေးကို တစ်လမ်းလုံး စောင့်ရှောက်သွားရန်ဖြစ်သည်။

တစ်လမ်းလုံး သူ့ဇာတ်လမ်းကို နားထောင်လာခဲ့သော ကောင်မလေးသည် အခုတော့လည်း အိပ်ပျော်ကာနေပြီဖြစ်သည်။

အိပ်ပျော်နေသော ကောင်မလေး၏ခေါင်းသည် ရုတ်တရက် သူ့ပခုံးပေါ် မှီနွဲ့ကာလာသည်။ ကောင်မလေး အိပ်ရေးပျက်မည်စိုး၍ သူ့ပခုံးကိုတောင့်ကာထားဖြစ်သည်။ အိပ်ပါစေလေ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူ့ပခုံးထက်မှာ ကောင်မလေးတစ်ယောက် မှီနွဲ့ထားရုံနှင့် နှစ်ပေါင်းများစွာ အိပ်ပျော်နေသော သူ့ရင်ခုန်သံတို့ ဆူညံကာနေပြီပဲဖြစ်သည်။

ဖြစ်နိုင်လျှင်တော့ ရန်ကုန်တောင်ကြီးခရီးစဉ်ကို ကမ္ဘာပတ်မည့် ထာဝရခရီးစဉ်အဖြစ် ပြောင်းလဲကာ ခရီးကို ဆွဲဆန့်ပစ်ချင်သည်။

အဘယ်ကြောင့်ဆိုသော် သူ့ဘေးမှ ကောင်မလေးကို တစ်ဘဝစာခရီးဖော်အဖြစ် သူ့ပခုံးကို ထာဝရ မှီနွဲ့ထားစေချင်သည်ကိုး။

အရာရာအဆင်ပြေ၍ ပျော်ရွှင်နိုင်ပါစေ။

ပြည့်ပိုင်မှူးအိမ်

BURMESE CLASSIC

www.burmeseclassic.com